# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄) ရက် မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ (၁၆) ခုတင်ဆံ့ ဆင်မတောင် တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးတိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | (ဂ) အင်းတော်မြို့နယ်တွင် အားကစားခန်းမ၊ မြို့နယ်အားကစားနှင့် ကာယပညာရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၉ | (ဃ) ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ (၅၀) ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | (င) တိုင်းဒေသကြီးပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ် ပြည်သူ့ဆေးရုံကြီးများတွင် အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားအခန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၁၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၈ |
| ၁၂ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၁၉ |
| ၁၃ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၂ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၃ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး
## (၂၄)ရက်မြောက်နေ့ အစီအစဉ်
## [ ၃၀–၆–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ (၁၆)ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးတိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ်တွင် အားကစားခန်းမ၊ မြို့နယ်အားကစားနှင့် ကာယပညာရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ (၅၀) ခုတင်ဆံ့ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **တိုင်းဒေသကြီးပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးများတွင် အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားအခန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **“ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ဂ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၊

( င ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

( စ ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

( ဇ ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၊

(ဈ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူများကတော့-

(၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၄) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊

(၅) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၆) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၉) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်နှင့်

(၁၃) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ (၁၆)ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး ကျွန်တော့်မဲဆန္ဒနယ်က ပြည်သူတွေရဲ့ ကျန်းမာရေးကိစ္စရပ်တွေကို ပိုမို စောင့်ရှောက်ကုသရေးအတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဆင်ပေါင်ဝဲမြို့နယ်မှာ အမည်နာမအားဖြင့် ဆိုလို့ရှိရင်တော့ ဆေးရုံလေးရုံရှိပါတယ်။ (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ ချောင်းကောက်တိုက်နယ်ဆေးရုံ၊ (၁၆) ခုတင်ဆံ့ မွန်းညောင်ပင်သာတိုက်နယ်ဆေးရုံနဲ့ (၁၆) ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံတို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့်တကယ်တမ်းပြည်သူတွေကို ကုသရေး လုပ်ငန်းတွေ ကိုဆောင်ရွက်ပေးနေတာကတော့ (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံနဲ့ (၁၆) ခုတင် ဆံ့ချောင်းကောက်တိုက်နယ်ဆေးရုံတို့ပဲရှိပါတယ်။ (၁၆) ခုတင်ဆံ့ မွန်းညောင်ပင်သာတိုက်နယ်ဆေးရုံ ကိုတော့ ခွင့်ပြုချက်ရရှိထားပြီးတော့ လာမယ့်အနီးဆုံးဘဏ္ဍာရေးနှစ်မှာ အဆောက်အဦဆောက်လုပ် ဖို့နဲ့ ဆောက်လုပ်ပြီးပါက ဝန်ထမ်းတွေအမြန်ဆုံးခန့်အပ်သွားဖို့ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ဝန်ကြီးဌာနကဖြေကြားပေးတဲ့အတွက် ကျွန်တော်တို့မဲဆန္ဒရှင် ပြည်သူ

တွေ အင်မတန်မှဝမ်းသာကျေနပ်ရပါတယ်။ အခု ကျွန်တော်မေးမြန်းသွားမှာကတော့ (၁၆) ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအကြောင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဆင်မတောင်တိုက်နယ်ဆေးရုံကိုတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ RHC အဆင့်ကနေပြီးတော့ တိုက်နယ်ဆေးရုံအဆင့်ကို တိုးမြှင့်ခဲ့တာဖြစ်ပါတယ်။ ခွင့်ပြုခုတင် (၁၆) ခုတင်ပါ။ ဆေးရုံစတင်တည်ဆောက်ခဲ့တာကတော့ ၂၀၁၅ ခုနှစ် ၁၀ လပိုင်းကုန်ကပါ။ ဆောက်လုပ်ပြီးစီးတာကတော့ ၂၀၁၆ ခုနှစ် မတ်လ အလယ်လောက်မှာ ပြီးခဲ့ပါတယ်။ ဆောက်လုပ်ခဲ့တဲ့ကုမ္ပဏီကတော့ သာကောင်းအပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး ကုမ္ပဏီဖြစ်ပါတယ်။ ဒါကတော့ ဆင်မတောင်တိုက်နယ်ဆေးရုံပါ။ ခန့်အပ်ပေးရမယ့်ဝန်ထမ်းအင်အား စာရင်းဖွဲ့စည်းပုံအပြည့်ဖြစ်ပါတယ်။ တိုက်နယ်ဆရာဝန်ပါတယ်။ လက်ထောက်ဆရာဝန်၊ သူနာပြုတွေ၊ နောက်ဆုံးဘိတ်ကဆိုရင် လုံခြုံရေးလုပ်သားအထိအောင် ဝန်ထမ်းစုစုပေါင်းဆိုလို့ရှိရင် ၁၉ ဦးဖြစ်ပါ တယ်။ အခုချိန်ထိအောင် တစ်ဦးမှခန့်အပ်ပေးခြင်း မရှိသေးပါဘူး။

ဒါကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သာကောင်းအပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး ကုမ္ပဏီကနေပြီးတော့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၉၉.၇ သန်းနဲ့ ဆေးရုံရဲ့ဆောက်လုပ်ခဲ့တဲ့ အဆောက် အဦတွေပဲဖြစ်ပါတယ်။ ဒါကတော့ ဆင်မတောင်တိုက်နယ်ဆေးရုံကို ရှေ့တည့်တည့်ကနေပြီးတော့ မြင်ရတဲ့မြင်ကွင်း ဖြစ်ပါတယ်။ ဆင်မတောင် + တိုက်နယ်ဆေးရုံဆိုပြီးတော့ ရေးထားတာ ကျွန်တော်တို့ ဘယ်မှာမှလည်း မတွေ့ဖူးပါဘူး။ ဒါ ပြန်ပြီး ပြင်ကိုပြင်ရမယ့်အနေအထားပါ။ ဒါကတော့ ဆေးရုံဝင်းထဲ မှာ မြက်တွေဗလာပွနဲ့ ဆေးရုံဝင်းထဲက အဆောက်အဦပုံပဲဖြစ်ပါတယ်။ ဒါကတော့ ရေစင်နဲ့ Toilet ကို သွားတဲ့လမ်းမှာလည်း ဒီအတိုင်းပဲမြင်တွေ့ရမှာဖြစ်ပါတယ်။ ရင်ခွဲရုံဘက်မှာလည်း ဖော်ပြပါပုံပါ အနေ အထားအတိုင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ပင်မဆောင်ရဲ့ရှေ့မှာလည်း မြက်တွေဗလာပွနဲ့ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံတွေကတော့ ပြီးခဲ့တဲ့နွေရာသီတုန်းက ရိုက်ခဲ့တဲ့ပုံတွေပါ။ အခုလို မိုးတွင်း ကာလမှာဆိုလို့ရှိရင် မြက်တွေ၊ ခြုံနွယ်တွေ ဘယ်လောက်တောင်ထူထပ်နေမလဲဆိုတာကို သွားကြည့် စရာမလိုပါဘူး။ စဉ်းစားကြည့်ရုံနဲ့သိနိုင်ပါတယ်။ ဆေးရုံဝင်းထဲမှာဆိုလို့ရှိရင် လူနာတွေ၊ ကုသရေး ဆရာဆရာမတွေနဲ့ ပြည့်နေရမယ့်အစား အခုလိုခြုံနွယ်ပိတ်ပေါင်းတွေ ပြည့်နှက်နေတာဟာ တစ်နည်း အားဖြင့်ဆိုလို့ရှိရင် ဆေးရုံဝင်းက ဆေးရုံဝင်းနဲ့မတူဘဲနဲ့ မြွေလျှောင်အိမ်ကြီးသဖွယ်ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဆင်မတောင်ဆေးရုံကို ဆောက်ခဲ့တာဆိုလို့ရှိရင်၊ အချိန်ကာလအားဖြင့် ကြည့် မယ်ဆိုလို့ရှိရင်လည်း တစ်နှစ်ခွဲလောက်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ တစ်နှစ်ခွဲလောက်ကြာမြင့်ခဲ့ပြီး

လုပ်ငန်းတစ်နှစ်ခွဲကျော်သည်အထိအောင် ဘာမှလုပ်ကိုင်ဆောင်ရွက်ပေးခြင်းမရှိတာကြောင့် ဒီ အဆောက်အဦတွေလည်း အချိန်မတိုင်မီယိုယွင်းပျက်စီးတာတွေလည်း ကြုံလာရနိုင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒေသခံပြည်သူတွေက ကျွန်တော်တို့ကို မျိုးစုံအောင်မေးခွန်းထုတ်ကြပါတယ်။ ဆောက်လုပ်ခဲ့တဲ့ကုမ္ပဏီက အရည်အသွေးပြည့်မီအောင် မဆောက်လုပ်ခဲ့တာကြောင့် ကြန့်ကြာနေရ တာလား။ ဒါမှမဟုတ် ခန့်ထားပေးဖို့ ဝန်ထမ်းအင်အားမလုံလောက်တာကြောင့်လား။ ဆေးရုံပဲမဖွင့် တော့ဘူးလားဆိုပြီးတော့ မေးခွန်းတွေအမျိုးမျိုးမေးကြပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေ ရဲ့ကျန်းမာရေးစောင့်ရှောက်ကုသမှုတွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအတွက် ဆင်ပေါင်ဝဲ မြို့နယ်မှာရှိတဲ့ (၁၆)ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံကို ဖွဲ့စည်းပုံပြည့်ဝန်ထမ်းအင်အားအပြည့် ခန့်အပ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက် ပေးမည်ကိုသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း၏မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ (၁၆)ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် ဆင်မတောင်တိုက်နယ်ဆေးရုံဖွဲ့စည်းပုံခွင့်ပြုမိန့် ကို ၁-၁-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အဆောက်အဦဆောက်လုပ်ခြင်းအနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၉၉.၇ သန်းကိုသုံး၍ ဆေးရုံပင်မအဆောက်အဦ၊ နှစ်ခန်းတွဲဆရာဝန်နေအိမ်၊ လေးခန်းတွဲသူနာပြုအိမ်၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ၊ သုံးခန်းတွဲဝန်ထမ်း

အိမ်ရာ၊ ရင်ခွဲရုံအဆောက်အဦတို့ကိုဆောက်လုပ်ခဲ့ရာ ၁၅-၃-၂၀၁၆ တွင် ပြီးစီးခဲ့ပါတယ်။ ယခုအချိန်တွင် ဆေးရုံအတွင်းလမ်းများ ပြုပြင်ခြင်းအပါအဝင် အသေးစားလိုအပ်ချက်များအား ကုမ္ပဏီတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်စွက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းမှာဖွင့်လှစ်၍ ဆေးရုံလုပ်ငန်းများစတင်လည်ပတ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာဝန်ခန့်ထားရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးမှ အဆိုပြုထားသော မကွေးတိုင်းဒေသကြီး အစီအစဉ်ဖြင့် ခန့်အပ်မည့် လုပ်ငန်းအတွေ့အကြုံလုပ်သက်နှစ်နှစ်အထက်ရှိသော ဆရာဝန်ခန့်ဖို့လည်း Order ရှိပါပြီ။ ကျွန်တော့်ဆီမှာ လည်းပါပါတယ်။ ခန့်ထားပြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီမှာ Finalize Approval လုပ်လိုက်ပါမယ်။ အထက်တန်းသူနာပြုတစ်ဦးလည်း ခန့်ထားပေးပြီးဖြစ်ပါတယ်။ ဆင်ပေါင်ဝဲမြို့နယ်ဆေးရုံနှင့် တွဲဘက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သစ်လွင်သူနာပြုများ ခန့်ထားသည့်အချိန်တွင် ဆင်မတောင်တိုက်နယ်ဆေးရုံအတွက် ဦးစားပေးခန့်အပ်မှာဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက်နှင့်အညီ အခြားဝန်ထမ်းများခန့်ထားရေးအတွက်လည်း လုပ်ထုံးလုပ်နည်းနဲ့ ဆက်လက်ဆောင်ရွက်ဖြစ်မှာ ဖြစ်ပါတယ်။ ထို့အပြင် ဒီဆင်ပေါင်ဝဲဆေးရုံအတွက် လူနာခုတင်၊ ခွဲစိတ်ခန်းသုံးပစ္စည်းပါ ပစ္စည်း ၄၄ မျိုးအား ကျွန်တော့်ဆီမှာ စာရင်းပါပါတယ်။ ဗဟိုဆေးသိုလှောင်ရေးဌာနမှ ပေးပို့ခဲ့ရာ ၁၁-၆-၂၀၁၇ ရက်နေ့တွင်အဆိုပါဆေးရုံသို့ ရောက်ရှိပြီးဖြစ်ပါတယ်။ တပ်ဆင်အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် ဇူလိုင်(နောက်လ)မှာ ဆင်မတောင်တိုက်နယ်ဆေးရုံတွင် ဆေးရုံလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးတိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း မေးမြန်းဖို့ပါတယ်။

**ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးတိုက်နယ်

ဆေးရုံအား (၁၆)ခုတင်ဆံ့ စံကိုက်အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း တဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးတိုက်နယ်ဆေးရုံဟာ ၁၉၇၉ ခုနှစ် မတိုင်ပင်ကပင် တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါဆေးရုံအဆောက် အဦကတော့ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦအဟောင်းတစ်ခုသာ ဖြစ်ပါတယ်။ လက်ရှိ အချိန်မှာ အချို့နေရာများမှာ ပျက်စီးယိုယွင်းနေပြီးတော့ ဥပဓိရုပ်မှာလည်း လှပခိုင်ခံ့မှုမရှိတော့ပါဘူး။ သစ်ဆုံကြီးတိုက်နယ်ဆေးရုံဟာ ရမည်းသင်းမြို့နှင့် ၁၉ မိုင်ကျော်ကွာဝေးပြီးတော့ ကျေးရွာအုပ်စု ကိုး အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာမှ လူဦးရေ ၃၉၀၀၀ ကျော်ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင် မှာဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ လွှတ်တော်ကိုတင်ပြခဲ့တာဖြစ် ပါတယ်။ မေးခွန်းတင်ပြီး တစ်ပတ်ခန့်အကြာမှာ နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ရောက်ရှိလာပြီးတော့ သစ်ဆုံကြီးတိုက်နယ်ဆေးရုံကို လာရောက်လေ့လာခဲ့တယ်လို့ သိရှိရပါတယ်။ ဆေးရုံအဟောင်းမြေနေရာဆိုလို့ရှိရင် ၁၆ ခုတင်ဆံ့ စံကိုက်အဆောက်အဦဆောက်မယ် ဆိုလို့ရှိရင် ဧရိယာကျဉ်းလွန်းခြင်းနဲ့ ကျေးရွာရဲ့အနောက်မြောက်ဘက် ချောင်ကျတဲ့နေရာမှာတည်ရှိ နေတာဖြစ်တဲ့အတွက် ၁၆ ခုတင်ဆံ့ အဆောက်အဦဆောက်လုပ်နိုင်ဖို့အတွက် ရန်ကုန်-မန္တလေး အမြန် လမ်းမကြီးနဲ့ ရမည်းသင်းမြို့ကို ဆက်သွယ်ထားတဲ့ ဒီကတ္တရာလမ်းဘေးရရှိရန် မြေနေရာဆောင်ရွက် ထားဖို့ မှာကြားခဲ့တယ်လို့ သိရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ကိုယ်တိုင်ဆင်းပြီးတော့ မြို့နယ် အုပ်ချုပ်ရေးမှူးရယ် ဒီကျန်းမာရေးဝန်ကြီးဌာနကနေ မြို့နယ်၊ ခရိုင်ဆရာဝန်တွေနဲ့ သွားရောက်ပြီး တော့ မြေနေရာရရှိရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့တဲ့နေရာမှာ မြေနေရာ ၃ ဧကလည်းရရှိထားပြီး ဖြစ်ပါတယ်။ လက်ရှိရရှိထားတဲ့ မြေနေရာဟာဆိုလို့ရှိရင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ အရှေ့ဘက် ၄ ဖာလုံခန့်အကွာမှာ ရရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရမည်းသင်းမြို့နယ်ထဲမှာရှိတဲ့ အမြန်လမ်းမကြီးပေါ်မှာ အရေးပေါ်လူနာများလည်းပဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့ ကျေးလက်နေပြည်သူတွေအတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ သစ်ဆုံကြီး တိုက်နယ် ၁၆ ခုတင်ဆံ့ဆေးရုံကို စံကိုက်အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား ရိုသေစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၏ မေးခွန်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီး တိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားရမည်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆေးရုံအသစ်များ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ စံကိုက် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကို ရရှိသောဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်ပေးပါတယ်။ တစ်နှစ်ကိုပျမ်းမျှခြင်းအားဖြင့် Station Hospital တိုက်နယ်ဆေးရုံ ၄၀ ခန့် ကျွန်တော်တို့ အစိုးရကခွင့်ပြုပါတယ်။ ရမည်းသင်းမြို့နယ်အနေနဲ့ ပျားစီကျေးရွာတိုက်နယ်ဆေးရုံနှင့် သစ်ဆုံကြီးကျေးရွာတိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် မေးမြန်းထားရာ ကျွန်တော်ပြီးခဲ့တဲ့ နှစ်လလောက်က ရမည်းသင်းမြို့နယ်မှာ ဒီပျားစီတိုက်နယ်ဆေးရုံအတွက် စံကိုက်အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးမယ်လို့ ဖြေကြားထားပါတယ်။ လုပ်လည်းလုပ်ပေးမှာပါ။ သို့သော်လည်း ဒီမှာကြည့်တဲ့အခါ သစ်ဆုံကြီးဟာ မြို့နယ်တစ်မြို့နယ်ထဲမှာ တိုက်နယ်ဆေးရုံနှစ်ရုံဖြစ်တဲ့အတွက် ဒီနှစ်မှာတော့ ကျွန်တော်တို့ပေးလို့မရပါဘူး။ သို့ဖြစ်ပါ၍ ဒုတိယဦးစားပေးအစီအစဉ်အရ သစ်ဆုံကြီးတိုက်နယ်ဆေးရုံဆောက်လုပ်ရန်ကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် အဆိုပြုတင်ပြတောင်းခံသွားမည်ဖြစ်ပါ၍ ရန်ပုံငွေရရှိပါကလည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတော့ မြေရရှိပြီးတော့ ပြောပါတယ်။ သို့သော်လည်း ဒီမြေရရှိတဲ့ မြေနေရာသည် အခြားဆေးရုံများနဲ့ မနီးရန်လည်းလိုပါတယ်။ ကျွန်တော်တို့ ပြန်လည်ပြီးလေ့လာပါ့မယ်။ သို့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အင်းတော်မြို့နယ်တွင် အားကစားခန်းမ၊ မြို့နယ်အားကစားနှင့် ကာယပညာရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးမေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ အင်းတော်မြို့နယ်မှာ အားကစားခန်းမနှင့် မြို့နယ်အားကစားနှင့်ကာယပညာရုံး ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အင်းတော်မြို့ဟာ မြို့ပေါ်လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၄၃ အုပ်စုဟာ ကျေးရွာ ၁၅၁ ရွာမှာ လူဦးရေ ၁၁၀၀၀၀ ကျော်နေထိုင်ပါတယ်။ ခုကျွန်မမေးတဲ့မေးခွန်း အားကစားခန်းမနှင့် အားကစားရုံးအဖြစ် အသုံးပြုနေတဲ့ အဆောက်အဦဟာ လက်ရှိရှိနေပါတယ်။ အလျား ၁၅၅ ပေ၊ အကျယ် ပေ ၇၀ နှင့်အမြင့် ၂၉ ပေရှိပြီး အကျယ်အဝန်း ၀.၆၆၁ ဧကပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ မြို့နယ်ခန်းမတစ်ခုအဖြစ် အသုံးပြုဖို့ တည်ဆောက်ထားခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်တုန်းက မြို့လူထုရဲ့ငွေအင်အား၊ လူအင်အားနဲ့ မြို့တော်ခန်းမအဖြစ် တည်ဆောက်ခဲ့ပြီး နိုင်ငံတော်ပံ့ပိုးငွေ လုံးဝမပါရှိခဲ့ပါဘူး။ မြအင်းသာခန်းမလို့ နာမည်ပေးထားပြီး လူထုတွေ့ဆုံပွဲများ၊ စာပေဟောပြောပွဲများနှင့် ဇာတ်ပွဲများ၊ အငြိမ့်၊ စတိတ်ရှိုး စသည်များ ဖျော်ဖြေပွဲများ ဒီခန်းမထဲမှာလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက် ၁၀ နှစ်ကျော်လောက် အကြာမှာ အားကစားရန်ပုံငွေ ဖြင့် ဖျော်ဖြေပွဲများကို ဒီခန်းမထဲမှာ တစ်ခါကျင်းပရင် ငါးရက်ကနေ ခုနစ်ရက်အထိ လုပ်ကြပါတယ်။ အားကစားဦးစီးဌာနနဲ့ မြို့နယ်အာဏာပိုင်များ၊ မြို့မှ လောင်းကစားဒိုင်ကြီးများကနေအဓိက ပံ့ပိုးပြီးလုပ်ကြတာဖြစ်ပါတယ်။ အားကစားရန်ပုံငွေဆိုပြီး တရားဝင် အကြောင်းပြချက်ရဲ့ နောက်ကွယ်မှာ လောင်းကစားနှင့်ငွေရှာဖို့အဓိက လုပ်ခဲ့ကြတာဖြစ်ပါတယ်။ တစ်နှစ်ကိုသုံးကြိမ်ကနေငါးကြိမ်အထိလောက် အားကစားရန်ပုံငွေပွဲများ ခန်းမထဲမှာ ကျင်းပခဲ့ရာကနေ တဖြည်းဖြည်းနဲ့ ဒီအားကစားရုံး ဒီခန်းမထဲကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ တကယ်တော့ ဒီခန်းမဟာအားကစားဦးစီးဌာနရဲ့ တရားဝင်ပိုင်ဆိုင်မှု ပြနိုင်တဲ့ခန်းမမဟုတ်ပါဘူး။ ခေတ်စနစ်တွေ ပြောင်းလာတဲ့အချိန်မှာတော့ လူထုကမြို့နယ်ခန်းမလိုအပ်နေတဲ့အတွက် နောက်တစ်ခါအားကစားခန်းမနှင့်ရုံးကို သင့်တော်ရာမှာ ပြောင်းရွှေ့ဆောက်ပေးဖို့ဆိုပြီး တိုင်းဒေသကြီးအစိုးရထံကို အဆင့်ဆင့် တောင်းခံခဲ့ကြပါတယ်။ ခန်းမနှင့်ကိုက် ၅၀၀ လောက်ဝေးတဲ့ဆီမှာ အားကစားကွင်းရှိပါတယ်။ မီတာ ၄၀၀ အားကစားကွင်းအပါအဝင် မြေဧက ၇.၂၂ ဧကကျယ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံးအခြေအနေတင်ပြရရင် စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းစည်ပင်သာယာက ဖျက်သိမ်းခွင့်ပေးဖို့ ကြန့်ကြာနေခြင်းပဲ ဖြစ်ပါတယ်။ ဒီခန်းမဟာ အားကစားခန်းမသာဖြစ်

တယ်လို့ စာတင်ထားတယ်လို့လည်း ဆိုပါတယ်။ ကန့်ကွက်တာလားဆိုလည်း တရားဝင်မဟုတ်တဲ့ အတွက် နှောင့်နှေးကြန့်ကြာနေခြင်းပဲ ဖြစ်ပါတယ်။ တကယ်ဆိုမြေပြင်မှာ လာရောက်စစ်ဆေးပြီး ဆုံးဖြတ်သင့်ပါတယ်။ အင်းတော်မြို့နယ်မှာ လောင်းကစားတွေ၊ မူးယစ်ဆေးဝါးတွေ များပြားနေသော်လည်း အင်းတော်ရဲ့အားကစားအဆင့်အတန်းဟာ မနိမ့်ကျတာကို တွေ့ရပါတယ်။ ၁၉၇၀ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်လောက်အထိကို ဘောလုံး၊ ဘတ်စကပ်ဘော၊ ဘောလီဘော၊ ကြက်တောင်၊ တင်းနစ်တို့မှာ တိုင်းလက် ရွေးစင်ရော၊ မြန်မာ့လက်ရွေးစင်ပါ ၅၀ ဦးခန့် ထွက်ပေါ်နေပါတယ်။ ယခုလက်ရှိ u 23 မြန်မာ့လက်ရွေးစင်အသင်းမှာ အင်းတော်မြို့နယ်ဟာ နှစ်ဦးပါဝင်ကစားနေပါတယ်။ အခုလောလော ဆယ်ဆယ်ကျင်းပနေတဲ့ ကမ္ဘောဇဖလားဖိတ်ခေါ်ပြိုင်ပွဲ လေးနိုင်ငံ မလေးရှားနိုင်ငံတွင် ကျင်းပနေတဲ့ ဆီမှာလည်း အင်းတော်မြို့က တစ်ဦးပါဝင်ယှဉ်ပြိုင်နေတာ ဖြစ်ပါတယ်။ ထို့အပြင် ရန်ကုန်အားကစား သိပ္ပံမှာတက်ရောက်နေတဲ့ ကျောင်းသူလေးများလည်း အာဆီယံဒေသတွင်းပြိုင်ပွဲများမှာ နိုင်ငံ့ ဂုဏ်ဆောင် အားကစားတံဆိပ်များယူပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ကျွန်မတို့ရဲ့ မြေအင်းသာခန်းမ အရှေ့ဝင်ပေါက်ဖြစ်ပါတယ်။ သူ့ရဲ့ဘေးမှာ အားကစားရုံးဖွင့်လှစ်ထားတာကိုတွေ့နိုင်ပါတယ်။ ဒါကတော့ ဘေးတိုက်မြင်တွေ့ရပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့အထဲမှာ မနေ့ကညနေကမှ ရိုက်ကူးထားတဲ့ ပိုက်ကျော်ခြင်းလေ့ကျင့်နေကြတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့အားကစားခန်းမ ဒီခန်းမကြီးကိုမြို့နယ်ခန်းမအဖြစ် အသုံးပြုဖို့၊ ကျွန်မတို့ပြုပြင်ဖို့ သိန်း ၅၀၀ နဲ့ပစ္စည်းများစုဆောင်း နေတာဖြစ်ပါတယ်။ ဒါကတော့ နဂိုတည်းက စတိတ်စင်၊ ဇာတ်စင်ရှိတယ်ဆိုတာကိုပြပါတယ်။ ပျက်စီးယိုယွင်းနေတယ်ဆိုတာကိုလည်း မြင်နိုင်ပါတယ်။ ဒါလည်း ပျက်စီးယိုယွင်းနေတာကိုပြချင် ပါတယ်။ ဒါကတော့ ကျွန်မတို့ရဲ့ အားကစားကွင်းဖြစ်ပါတယ်။ နေ့စဉ်နှင့်အမျှ အားကစားလေ့ကျင့်ခန်း ကလေးများကွင်းဆင်းနေကြပါတယ်ဆိုတာကို မနေ့ညနေကမှ ရိုက်ကူးပြီးပို့ပေးထားတာဖြစ်ပါတယ်။ ဒီအားကစားကွင်းပါပဲ။ ဒီကွင်းထဲမှာလည်း ခရိုင်အားကစားမှူးကိုယ်တိုင်လာရောက်ဆင်းပြီး ဘတ်စကတ်ဘော မိုးလုံလေလုံကွင်းတစ်ခု တည်ဆောက်ဖို့ကို မြေပြင်ကွင်းတိုင်းသွားတာလည်း ရှိပါ တယ်။ ရပါပြီရှင့်။ သို့ပါ၍ လိုအပ်လျက်ရှိသည့် အားကစားခန်းမနှင့် အားကစားရုံးအတွက် ပြည်သူ များကိုယ်စား ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံး၏ မေးခွန်းဖြစ်သော အင်းတော်မြို့နယ်တွင် အားကစားခန်းမနှင့် မြို့နယ်အားကစားနှင့် ကာယပညာရုံး ဆောက်လုပ်ပေးရန်အစီအစဉ်ရှိမရှိနှင့် ပတ်သက်၍ဖြေကြားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အောင်မေတ္တာရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ် N1-197 ဧရိယာ ၀.၆၆၁ ဧကရှိ မြအင်းသာအားကစားခန်းမသည် မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင်ခန်းမဖြစ်ပြီး ၎င်းခန်းမအားဖျက်သိမ်း၍ စစ်ကိုင်းတိုင်းအစိုးရကြီးအဖွဲ့မှ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုမတည်ငွေကျပ်သိန်း ၅၀၀ ဖြင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမ အသစ် ပြန်လည်တည်ဆောက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ၊ မြို့ဖများ၊ မြို့နယ်စည်ပင်ခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့စုပေါင်းညှိနှိုင်း၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ တိုင်းဒေသကြီးအစိုးရသို့ တင်ပြထားပြီးဖြစ်ပါသည်။ အင်းတော်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးရုံးဟာ ဝန်ထမ်းအင်အားနည်းစနစ်မှုုအပါအဝင် ၅ဦးဖြင့် အဆိုပါအားကစားအတွင်း၌ ယခုပုံပါတဲ့အတိုင်း ဖွင့်လှစ်ထားရှိပြီး မြအင်းသာအားကစား ခန်းမဟောင်းအား လေလံတင်ရောင်းချ၍ရရှိငွေများမှ မြအင်းသာအားကစားခန်းမနှင့် တစ်ဖာလုံခန့်ဝေးသော ၆.၉ ဧကအကျယ်အဝန်းရှိသော အေးမြသာယာမီတာ ၄၀၀ အားကစားကွင်းအတွင်း၌ (ပေ ၃၀ x ၂၀ ပေ)ရှိ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးခန်းအဆောက်အဦအား ပြန်လည်ဆောက်လုပ်ပေးသွားမည်ဖြစ်ပါတယ်။ အားကစားသမားကောင်းများပေါ်ထွက်လာသော အင်းတော်မြို့နယ်အတွက် အားကစားခန်းမသည်လည်းမရှိမဖြစ် Indoor Stadium လိုအပ်သောအဆောက်အဦဖြစ်သည်နှင့်အညီ အေးမြချမ်းသာမီတာ ၄၀၀ အားကစားကွင်းကြီး၌ (ပေ ၁၂၀ x ၉၀ ပေ)အကျယ်ရှိ မြို့နယ်အားကစားခန်းမတည်ဆောက်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေတွင်ဦးစားပေးအဆင့်အလိုက် ထည့်သွင်းလျာထား၍ ခွင့်ပြုမိန့်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း ဒီမေးခွန်းကို ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံမှ (၅၀)ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံမှ (၅၀) ခုတင်ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ တိုးမြှင့်ပေးပါမည်လဲ။ မရှိပါက မည်သည့်အတွက်ကြောင့်လဲဆိုတာ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ်ဟာ အရှေ့မှအနောက်သို့ (၂၁)မိုင်၊ တောင်နှင့်မြောက်(၅၅)မိုင် ရှည်လျားပြီး အရှေ့ဘက်မှာ မြောက်ဦးမြို့နယ်နှင့် ပေါက်တောမြို့နယ်၊ တောင်ဘက်မှာ စစ်တွေမြို့နယ်၊ အနောက်ဘက်မှာ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်၊ မြောက်ဘက်မှာ ကျောက်တော်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်ဟာ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၉၂ အုပ်စု၊ ကျေးရွာပေါင်း ၁၉၃ ရွာရှိပါတယ်။ ရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ်မှာ တည်ရှိပြီးတော့ မြို့နယ်ရဲ့လူဦးရေဟာ ၁၃၇၀၀၀ ကျော်ရှိပါတယ်။ စစ်တွေမြို့မှ ၂၃ မိုင်ကွာဝေးပြီး ရေလမ်း ၃ နာရီခန့်၊ ကားလမ်း ၁ နာရီ ၁၅ မိနစ်ခန့် သွားလာရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဆေးရုံ မြေနေရာအကျယ်အဝန်းကတော့ ၁၀.၇၄ ဧကရှိပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ (၁၆)ခုတင်ဆံ့မှ (၂၅)ခုတင်ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။ ဆေးရုံကို အဆင့်တိုးမြှင့်ပေးခဲ့ပေမဲ့ ယခင်(၁၆)ခုတင်ဆံ့ဆေးရုံ အဟောင်းအတိုင်းပဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနေခဲ့ရပါတယ်။ (၂၅)ခုတင်ဆံ့ဆေးရုံအဆောက်အဦ တိုးချဲ့ဆောက်လုပ်ခွင့် မရရှိသေးပါဘူး။ မြို့နယ်ဆေးရုံမှာ မြို့နယ်အတွင်းရှိလူနာများသာမက ပုဏ္ဏားကျွန်းမြို့နယ်နဲ့ ကုလားတန်မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ မြောက်ဦးမြို့နယ်ရဲ့အနောက်ပိုင်းကျေးရွာများ၊ ပေါက်တောမြို့နယ်ရဲ့ အနောက်ပိုင်းကျေးရွာများမှ လူနာများကိုပါ လက်ခံကုသမှုပေးနေရပါတယ်။ လက်ရှိဆေးရုံမှာ ဟောင်းနွမ်းပျက်စီးနေပါတယ်။ လူနာများလာရင် အဆောက်အဦမလုံလောက်တဲ့အတွက် ဆေးရုံအဆောက်အဦအသစ်များ တိုးချဲ့ဆောက်လုပ်ပေးဖို့ လိုအပ်နေပါတယ်။ ယခုအခါ ပုဏ္ဏားကျွန်း စက်မှုဇုန်တည်ဆောက်ဖို့မြေနေရာ၊ ကျင်ချောင်းရေလှောင်တာတမံလမ်းများ စီမံဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါတယ်။ မြို့ရဲ့အနီးမှာ စက်မှုသင်တန်းကျောင်းလည်း ဖွင့်လှစ်သင်ကြားလျက်ရှိနေတဲ့အတွက် မကြာမီ ပုဏ္ဏားကျွန်းမြို့နယ်ဟာ လူမှုအကျိုးစီးပွားအဘက်ဘက်မှ တိုးတက်လာမယ့်မြို့နယ်ဖြစ်လာမည်မှာ သေချာနေပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ ကျန်းမာရေးဌာနအညွှန်းပြမြေပုံဖြစ်ပါတယ်။ ဒါကတော့ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ပြည်သူ့ဆေးရုံကို အရှေ့ဘက်က မြင်ရတဲ့ပုံဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ ဆေးရုံဆိုင်ရာ အချက်အလက်များဖြစ်ပါတယ်။ ဒါကတော့ ငါးနှစ်အတွင်းမှာ ဆေးရုံတက်ရောက်မှုမှတ်တမ်းတွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဒီလိုအကျိုးအကြောင်းတွေကြောင့် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံမှ (၅၀)ခုတင်ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးသင့်ပါကြောင်း တင်ပြရင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်၏မေးခွန်းဖြစ်သော ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်မှ ခုတင်(၅၀)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်တွင် (၂၅)ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ရိုးတရုတ်တိုက်နယ်ဆေးရုံ၊ အလယ်ကျောင်းတိုက်နယ်ဆေးရုံနှင့် အိုးရွှေပြင်တိုက်နယ်ဆေးရုံ စုစုပေါင်းလေးရုံဖွင့်လှစ်ထားရှိပြီး လူဦးရေ ၁၂၀၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံသည် စစ်တွေမြို့နယ် အထွေထွေရောဂါကုပါရဂူများ အများကြီးရှိတဲ့ဆေးရုံကြီးနဲ့ (၂၃)မိုင်ပဲဝေးပါတယ်။ ကားလမ်းနဲ့ တစ်နာရီလောက်ကြာပါတယ်။ ရိုးတရုတ်တိုက်နယ်ဆေးရုံနဲ့လည်း (၂၁)မိုင်၊ အလယ်ကျောင်းတိုက်နယ်ဆေးရုံနဲ့ (၂၅)မိုင်၊ အိုးရွှေပြင်တိုက်နယ်ဆေးရုံနဲ့ (၃၅)မိုင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆေးရုံရဲ့ တစ်နေ့ပျမ်းမျှအတွင်းလူနာကို လေ့လာတဲ့အခါမှာ ၂၀၁၂ ခုနှစ်မှာ ၁၁ ယောက်၊ ၂၀၁၃ ခုနှစ်မှာ ၁၁ ယောက်၊ ၂၀၁၄ ခုနှစ်မှာ ကိုးယောက်၊ ၂၀၁၅ ခုနှစ်မှာ ၂၇ ယောက်၊ ၂၀၁၆ ခုနှစ်မှာ ၂၇ ယောက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေပြီးတော့ မေလကို ၂၄ ယောက် စုစုပေါင်း ၁၈ ဦးခန့်သာပဲရှိပါတယ်။ ဆေးရုံခုတင်အသုံးပြုမှုရာခိုင်နှုန်းကလည်း ၂၀၁၂ ခုနှစ်ကစပြီး ကြည့်လိုက်တဲ့အခါမှာ ၄၃၊ ၄၃၊ ၃၄၊ ၁၀၈၊ ၁၀၇၊ ၉၅၊ ၇၂ ပဲရှိတာ တွေ့ရပါတယ်။

အဲဒီလိုတွေ့တဲ့အတွက် ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၁၆)ဆုံးဖြတ်ချက်အရ (၂၅)ခုတင်ကနေပြီးတော့ ခုတင် (၅၀)တိုးမယ်ဆိုရင် ဆေးရုံခုတင်အသုံးပြုနှုန်းက အနည်းဆုံး ၁၅၀ ရှိရမှာ။ အခုဟာက ၁၀၀ အောက်မှာပဲ ရောက်နေပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ သတ်မှတ်ချက်တွေနဲ့မျှားစွာကိုက်ညီရန် လိုပါသေးတယ်။ သို့ပါ၍ ဒီပုဏ္ဏားကျွန်းမြို့နယ်ကိုတော့ (၂၅)ခုတင်ဆံ့ကနေပြီး လောလောဆယ်မှာ (၅၀)ခုတင်ဆံ့ ဆေးရုံအဆင့်တိုးရန် အစီအစဉ်တော့မရှိပါဘူး။ သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နှစ်ထပ်လူနာဆောင်ဆောက်လုပ်ရန် ကျပ်သန်း ၂၀၀ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ၁၄၅ သန်း ခွင့်ပြုထားပြီးဖြစ်ပါကြောင်းနှင့် လိုအပ်သောဝန်ထမ်းအင်အားနှင့်ဆေးပစ္စည်းများအား ဦးစားပေး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီးပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးများတွင် အချုပ်တရားခံများဆေးကုသရန်အတွက် သီးခြားအခန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ တရားဥပဒေရဲ့ အပြစ်ပေးတာကိုခံယူရန် အတွက် အချုပ်ခန်းတွေမှာတရားခံများကို ဖမ်းဆီးချုပ်နှောင်ထားလေ့ရှိပါတယ်။ အဲဒီလိုဖမ်းဆီးခံရတဲ့ တရားခံတွေ ကျန်းမာရေးမကောင်းတဲ့အခါမှာ ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသမှုခံယူရန် အတွက် ပြည်သူ့ဆေးရုံတွေမှာ ဆေးကုသမှုခံယူလျက်ရှိပါတယ်။ ဆေးကုသမှုခံယူတဲ့အခါမှာ တရားခံများအတွက် ဆေးရုံ၊ဆေးခန်းတွေမှာ သီးခြားအခန်းများမရှိတဲ့အတွက် ခြေထိပ်၊ လက်ထိပ် လုံခြုံရေးအပြည့်အဝနဲ့ ဆေးကုသမှုခံယူရပါတယ်။ ဒီလိုလုံခြုံရေးတွေ ခြေထိပ်၊ လက်ထိပ်တွေ၊ ခြေကျဉ်းတွေနဲ့ကုသရနဲ့အခါ ကုသရတဲ့ဆရာဆရာမတွေအတွက်လည်း စိတ်မချမ်းမြေ့စရာ၊ စိတ်မသက်သာစရာ၊ စိတ်အနှောက်အယှက်တွေ ဖြစ်ပေါ်ရပါတယ်။ အခြားလူနာများအတွက်လည်း အလားတူ တရားခံရဲ့စိတ်မသက်သာစရာမြင်ကွင်းတွေကြောင့် တခြားလူနာများပါ စိတ်အနှောက်

အယှက်တွေ ဖြစ်ပေါ်နေတတ်ပါတယ်။ အများအမြင်မှာလည်း မတင့်တယ်ပါဘူး။ ကုသမှုခံယူတဲ့ တရားခံမှာလည်း သီးခြားအခန်းမရှိတဲ့အတွက် ခြေထိပ်၊ လက်ထိပ်၊ ကြိုးတွေချည်နှောင်ခံထားရတဲ့ အတွက် လွတ်လပ်မှုမရှိဘဲ ဆေးစွမ်းလည်းကုသတဲ့နေရာမှာ ထိရောက်မှာမဟုတ်ပါဘူး။ လုံခြုံရေး အနေနဲ့ကြည့်မယ်ဆိုရင်လည်း ဆေးရုံတွေမှာ သီးခြားအခန်းတွေမရှိတဲ့အတွက် ရဲအင်အားတွေချပြီး စောင့်ရှောက်မှုတွေပြုလုပ်ရပါတယ်။ ဒီကြားထဲအခန့်မသင့်လျှင် တရားခံများထွက်ပြေး တိမ်းရှောင်မှု တွေ ဖြစ်ပေါ်တတ်ပါတယ်။ ဖြစ်လည်းဖြစ်ပေါ်တာတွေလည်းတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ ကျွန်တော်တို့ မကွေးတိုင်း ဒေသကြီးမှာ ခရိုင် ၅ ခု၊ မြို့နယ် ၂၅ မြို့နယ်ရှိပါတယ်။ တိုင်းပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံများမှာ ဆေးရုံအချုပ်ခန်းများ လုံးဝမရှိပါ။ မြို့နယ် ၂၅ မြို့နယ်ရှိတဲ့အနက် ပေါက်မြို့နယ်ပြည်သူ့ဆေးရုံတစ်ခု တည်းမှာသာ ဆေးရုံအချုပ်ခန်းရှိပြီး ကျန် ၂၄ မြို့နယ်မှာ ဆေးရုံအချုပ်များလုံးဝမရှိပါ။ ၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်မြို့နယ်များအလိုက် အချုပ်တရားခံများ ဆေးကုသမှုခံယူတဲ့ စာရင်းမှာ ကျား ၉၄ ဦး၊ မ ၂၆ ဦး စုစုပေါင်း ၁၂၀ ဦးဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူ ကြောင်းသိရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားခံများဆေးကုသမှု ခံယူရန်အတွက် အခြားတိုင်းပြည်များနည်းတူ အဆင့်မြင့်မြင့်အခန်းများမရှိရင်တောင်ဘဲ ဆေးရုံများ တွင်သီးခြားအခန်းများ လိုအပ်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၂၈ (ဃ)တွင် နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေဖို့ အတွက် အလေးထားဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ အခန်း(၈) ပုဒ်မ ၃၆၇ မှာလည်း နိုင်ငံသား တိုင်းသည် နိုင်ငံတော်ကချမှတ်သော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့်အညီ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခွင့်ရှိတယ်လို့လည်းပါရှိပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံများတွင် အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားအခန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိသိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ မေးခွန်းဖြစ်သော တိုင်းဒေသကြီးပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံများတွင် အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားခန်းမများဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျွန်တော်တို့ ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံကြီးများရှိ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသော အချုပ်အကျဉ်းသားအဆောင်၊ လူနာဆောင် Gear Word အခြေအနေအား ဆန်းစစ်ကာလိုအပ်ချက်များအတွက် ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းနှင့်ပြည်နယ်အဆင့်ဆေးရုံများနှင့် နေပြည်တော်ကုသရေးဦးစီးဌာနမှူးတို့ထံ ဆေးရုံများ၏လက်ရှိအခြေအနေ Gear Word နဲ့ပတ်သက် ပြီးလက်ရှိအခြေအနေကိုတင်ပြရန် ၅/၅-၂၇-၂၀၁၇ ခုနှစ်ရက်စွဲပါ စာအမှတ်ကုသရေး (QOC) ၂၀၁၇ ခုနှစ် ၆/၆-၅ ဖြင့် အကြောင်းကြားကာ ကနဦးလေ့လာဆန်းစစ်မှုများကို ကျွန်တော်တို့ပြုလုပ်ခဲ့ပါတယ်။ ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်ချက်အရ အရေးကြီးလိုအပ်လျက်ရှိတဲ့ ပထမဆုံးကျွန်တော်တို့ ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ ဘူးသီးတောင်၊ မောင်တော၊ ကျောက်ဖြူနဲ့ သံတွဲများရှိ ပြည်သူ့ဆေးရုံများတွင် မြေနေရာလုံလောက်မှုရှိသဖြင့် အချုပ်အကျဉ်းသားဆောင် Gear Word သီးသန့်ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း ပြည်နယ်ကုသရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် မှလည်း တင်ပြလာတဲ့အတွက် ကုသရေးဦးစီးဌာနနဲ့ ဖော်ပြပါဆေးရုံသုံးရုံတွင် အထူးအစီအစဉ်ဖြင့် အချုပ်အကျဉ်းသားလူနာဆောင် ဆောက်လုပ်ရေးအကြောင်းကြားခဲ့ပြီး အဆိုပါကိစ္စအတွက် ခရိုင် အင်ဂျီနီယာများဖြင့် တွက်ချက်ဆောင်ရွက်လျက်ရှိပါတယ်။ ကုသရေးဦးစီးဌာနအနေဖြင့် အကျဉ်းထောင်ရှိသည့်မြို့များရှိ ပြည်သူ့ဆေးရုံများကို ဦးစားပေး၍ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အချုပ်အကျဉ်းသားလူနာဆောင် ပြုပြင်မွမ်းမံရန်လိုအပ်သည့် ဗဟိုအဆင့်အကျဉ်းထောင်များ ဖြစ်သော အင်းစိန်အကျဉ်းထောင်ကြီး၊ မန္တလေးအကျဉ်းထောင်ကြီးနှင့် သာယာဝတီထောင်တို့ တည်ရှိတဲ့မြို့ကြီးများရှိ အချုပ်အကျဉ်းသားလူနာများ လွှဲပြောင်းလက်ခံရာဆေးရုံကြီးတွင် အချုပ်အကျဉ်းသားလူနာဆောင် သီးခြားရှိပြီးဖြစ်တဲ့အတွက် လိုအပ်ချက်ပေါ်မူတည်၍ ပြုပြင်မွမ်းမံရန် ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုသရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေရဲ့ ပြင်ဆင် ထိန်းသိမ်းခြင်းမှကျခံသုံးစွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (က)-အဆင့်ရှိအကျဉ်းထောင်များရှိရာ

မြို့ကြီးများရှိဆေးရုံများအနက် အချုပ်အကျဉ်းသားလူနာဆောင် Gear Word သီးခြားရှိပြီးဖြစ်သော လွှဲပြောင်းလက်ခံသည့် ဆေးရုံကြီး ၁၃ ရုံအား ယခုဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ အတွင်းတွင် ခွင့်ပြုရန်ပုံငွေ၏ ပြင်ဆင်ထိန်းသိမ်းစရိတ်မှကျခံသုံးစွဲပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းမှာကြည့်တဲ့အခါမှာ ခုတင် (၁၀၀)ရှိသည့် သရက်မှာ Gear Word ရှိပါတယ်။ ခုတင်(၂၀၀)ရှိတဲ့ ပခုက္ကူမှာ Gear Word မရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ အချုပ်အကျဉ်းသားလူနာဆောင်သီးခြားမရှိသည့် (က)-အဆင့်အကျဉ်းထောင်များတည်ရှိရာမြို့ကြီးများရှိကျန်ဆေးရုံများအား လူနာလွှဲပြောင်းလက်ခံရန် အဆောင်သစ်ဆောက်လုပ်နိုင်ရေးကို ၂၀၁၈ နောက်နှစ်ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်စီမံကိန်းများ ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတဲ့ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ (၂၂-၆-၂၀၁၇ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကိုတိကျစွာ ရေးသားဖော်ပြ၍ ၂၆-၆-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

မူကြမ်း

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်သိန်း ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသည့်ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင် ဂန့်ဂေါမဲဆန္ဒနယ်က ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ (၇-၆-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစား တစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ကျန်းမာရေး ကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ကိုးဦးရှိပါတယ်။ ပထမဦးစွာ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ သူနာပြု ဒီပလိုမာနှင့် သူနာပြုတက္ကသိုလ်တို့ကိုပါ အမှတ်နဲ့မကန့်သတ်ဘဲ ဝါသနာနဲ့ကန့်သတ်သင့်တယ်။ ကန့်သတ်စေလိုတယ်လို့ ဆိုထားပါတယ်။ ဒီအချက်ကို ကျွန်တော် သဘောတူပါတယ်။ အများအားဖြင့် ကျန်းမာရေးဝန်ထမ်းများဟာ ဝါသနာပါလို့ လုပ်ကိုင်ကြတာတွေများပါတယ်။ စေတနာ၊ ဝါသနာနဲ့အတူ အနစ်နာလည်း ခံကြရပါတယ်။ ကြီးသူကငယ်သူကို နမူကောင်းတွေ ပြသကြရတာရှိလို့မို့ နာလေးနာရှိသောဝန်ထမ်းကောင်းများလို့ပြောရင်လည်း မှားမယ်မထင်ပါဘူးခင်ဗျား။ ဒါပေမဲ့ ခက်တာ တစ်ခုက ဝါသနာသည် မြင်သာတဲ့အရာမဟုတ်ပါဘူး။ အလုပ်အကိုင်ရှားပါးနေတဲ့တိုင်းပြည်မှာ ဝါသနာကို သိပ်ဦးစားမပေးနိုင်ကြတော့ပါဘူး။ အလုပ်အကိုင်ကို အားတတ်သရော ရှာဖွေနေကြရတာ ဖြစ်လို့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုကိုရောက်ဖို့အတွက် သတ်မှတ်ထားတဲ့အမှတ်ကို ပြည့်မီအောင် မီးကုန်ယမ်းကုန် ကြိုးစားကြရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ကျန်းမာရေးအမှုထမ်း၊ အရာထမ်းတွေဟာ ပါရမီခတ်ခံရှိပြီးသား ပါရမီရှင်တွေလို့ ဆိုလိုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နေ့စဉ်နဲ့အမျှ အနိဋ္ဌာရုံနဲ့ ဆက်ဆံထိတွေ့နေကြရလို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းငယ်ဖြည့်စွက် ပြောချင်တာကတော့ ဝါသနာနဲ့အတူ လူမှုဝန်ထမ်းစိတ် တစ်ပါတည်းရှိ/မရှိ ဆိုတာပါပဲ။ လူမှုဝန်ထမ်း စိတ်ရှိ/မရှိဆိုတာကို ကျောင်းသားတစ်ယောက်ရဲ့ငယ်စဉ်ဘဝကစပြီး မှတ်တမ်းတင်ထားတဲ့ CPR လို့ခေါ်တဲ့ Comprehensive Personal Record ဘက်စုံပညာရေးမှတ်တမ်းရှိပါတယ်။ CPR နဲ့ ကြည့်ပြီးမှ ရွေးချယ်မယ်ဆိုရင်တော့ ပညာရေးဌာနရဲ့ဆောင်ရွက်မှုမှတ်တမ်းတွေဟာ လက်တွေ့ဘဝ အထိ အထောက်အကူပြုလာလိမ့်မယ်လို့ အကြံပြုတင်ပြလိုပါတယ်။

နောက်ပြီးတော့ ဒီပလိုမာသူနာပြု နဲ့ BNSc သူနာပြုတို့ လစာစကေးတူညီနေမှု၊ လက်ထောက်ကျန်းမာရေးမှူး၊ ဆေးဘက်ပညာသည် တက္ကသိုလ်ဆင်း၊ ဆေးဝါးကျွမ်းကျင်၊ တိုင်းရင်း ဆေးတို့နဲ့ သူနာပြုသိပ္ပံဘွဲ့ရတို့ လစာစကေး မတူညီမှုတွေနဲ့ပတ်သက်လို့တော့ ကျန်းမာရေးဝန်ကြီး ဌာနဘက်ကလည်း ခိုင်လုံတဲ့အကျိုးအကြောင်းဖော်ပြမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ရာထူးတိုးအတွက် လုပ်သက်နဲ့ စာမေးပွဲဖြေခွင့် ကန့်သတ်ထားလို့ ဘယ်လောက်အရည်အချင်းရှိရှိ ရာထူးမတိုးနိုင်ပါဘူး။ လုပ်သက်ထက် အရည်အချင်းနဲ့ကန့်သတ်သင့်ပါတယ်လို့ အဆိုရှင်က တင်ပြထားပါတယ်။ ကျန်းမာရေးဌာနမှာ လုပ်သက်ကရတဲ့အတွေ့အကြုံ၊ လုပ်သက်ကပေးတဲ့အတွေ့အကြုံဟာ လက်တွေ့ကျတဲ့ ပညာအရည် အချင်းပဲ ဖြစ်ပါတယ်။ Certificate ကို အရည်အချင်းလို့ မသတ်မှတ်သင့်ဘူးလို့ ကျွန်တော့်အနေနဲ့

အကြံပြုလိုပါတယ်။ ကျန်တဲ့ရာထူးတိုးကိစ္စတွေကတော့ မညီမျှမှုတစ်ခုခုများရှိနေမလားလို့ ဝန်ကြီးဌာန အနေနဲ့ ပြန်လည်သုံးသပ်ပေးဖို့ အကြံပြုလိုပါတယ်။ အဆိုရှင်တင်ပြတဲ့ သူနာပြုဆရာမများ လုပ်ငန်းခွင်စွန့်ခွာထွက်ပြေးရတဲ့အချက်ကတော့ စဉ်းစားစရာကောင်းတဲ့အချက်ဖြစ်ပါတယ်။ ကိုယ့် တိုင်းပြည်မှာ အလုပ်လုပ်နေရာက ဝင်ငွေကောင်းတဲ့ အခြားတိုင်းပြည်ကို ရွှေ့ပြောင်းလုပ်ကိုင်တာရော၊ ကိုယ့်တိုင်းပြည်မှာ လုံးဝအလုပ်မဝင်တော့ဘဲ အခြားတိုင်းပြည်မှာ သွားရောက်လုပ်ကိုင်တာရော နှစ်မျိုးစလုံးဖြစ်နိုင်ပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့တိုင်းပြည်က သူနာပြုနဲ့ ဘက်စုံသားဖွားသင်တန်း ဆင်းတွေဟာ သင်တန်းဆင်းပြီး ဘယ်နှစ်နှစ်ကြာမှ အလုပ်အကိုင် ခန့်ထားနိုင်သလဲ။ ဘယ်နှစ်နှစ် ကြာမှ အလုပ်ဝင်ကြရသလဲဆိုတဲ့အချက်ပေါ်မှာလည်းပဲ မူတည်ကောင်းမူတည်နိုင်လိမ့်မယ်လို့ ထင်ပါ တယ်။ ဘယ်သူပဲဖြစ်စေ မိမိဘဝတိုးတက်ကြီးပွားဖို့ အခွင့်အလမ်းကို ရွေးချယ်ရတာဟာ သူ့ရဲ့ အခွင့်အရေးပဲဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့ ဝန်ဆောင်မှုဈေးကွက်ထဲမှာ သူနာပြုတွေများများလိုအပ် ရင် မြန်မာနိုင်ငံကလည်း လိုအပ်တဲ့လုပ်သားအင်အားကို ပြည်တွင်းအတွက်ရော၊ ပြည်ပအတွက်ပါ များများမွေးထုတ်ပေးခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေမှာဖြစ်ပါတယ်။ အိမ်ဖော်၊ အိမ်အကူလုပ်သား စေလွှတ်ရတာထက် သာလွန်ပြီးမှ ဂုဏ်ရှိနိုင်ပါတယ်။ နိုင်ငံခြားမှာ တရားဝင်အလုပ်လုပ်ကိုင်ပြီး နိုင်ငံခြားငွေရနိုင်တဲ့ မိမိနိုင်ငံသားဆီကနေပြီးတော့ နိုင်ငံတော်အနေနဲ့ လည်း နိုင်ငံခြားငွေ ရရှိနိုင်ပါတယ်။

အဆိုရှင်တင်ပြထားတဲ့ နောက်ထပ်အချက်တစ်ခုကို ဆွေးနွေးလိုတာကတော့ WorkLoad ဖြစ်ပါတယ်။ မှန်ပါတယ်။ အလုပ်ဝန်ပိလာပြီဆိုလို့ရှိရင် လူတိုင်းဟာ စိတ်မရှည်နိုင်ဖြစ်ကြရပါတယ်။ ဒီလိုအခါမျိုးမှာ ဆက်ဆံရေးမပြေပြစ်မှုတွေ ဖြစ်လာရပါတယ်။ ဒီအတွက် ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဖောင်းပြင်မြို့နယ်ဟာ မြို့နယ်အဆင့် ခုတင်(၅၀)ဆံ့ဆေးရုံ ဖြစ်ပါတယ်။ မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်တို့ အပြည့်အစုံရှိပါတယ်။ Staff Nurse အပြာဝတ် က ခုနစ်ယောက်အပြည့် ရှိပါတယ်။ ဒါပေမဲ့ Trained Nurse ကျတော့ ၁၄ ယောက်ရှိရမယ့်အစား သုံးယောက်ပဲကျန်ရှိနေလို့ ဇွန်လ ၈ ရက်နေ့က ဆက်သွယ်မေးမြန်းကြည့်တော့ သိရပါတယ်။ ပူအိုက်စွတ်စိုတဲ့ ဒီရာသီဟာ ငှက်ဖျားရောဂါနဲ့ သွေးလွန်တုပ်ကွေးရောဂါတွေ အဖြစ်များပါတယ်။ ဆရာဝန်များ၊ သူနာပြုများ အလွန်အလုပ်ရှုပ်ကြရတဲ့ရာသီမှာ အင်အားနည်းနေတဲ့ သူနာပြုများ ကတော့ အလုပ်ဝန်ပိနေမှာ အမှန်ပဲဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရရင်တော့ သူနာပြုများဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမှုထမ်းများထဲက အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း

များအားလုံးနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင်တော့ ဒီထက်သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါတယ်။ သို့သော် သူနာပြုလောကကို လိုအပ်ချက်လေးများကို ဖြည့်ဆည်းပေးခြင်းအားဖြင့် နိုင်ငံတော်ကျန်းမာရေးကဏ္ဍရဲ့ပုံရိပ်ကို မြှင့်တင်ပေးရာရောက်နိုင်ပါတယ်လို့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆို ကို ဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါ တယ်။ ကျွန်မအနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသွားသော သူနာပြုများ၏ အခန်းကဏ္ဍနှင့်ပတ်သက်သောအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆေးရုံများမှာ လူနာကိုကုသရာ မှာ ဆရာဝန်၊ သူနာပြုနဲ့ ဆေးဘက်ဆိုင်ရာဌာနများ ပေါင်းစပ်ပြီးတော့ ညှိနှိုင်းလုပ်ကိုင်ကြရပါတယ်။ ဆရာဝန်က လူနာကိုစမ်းသပ်ပြီး ဓာတ်ခွဲခန်းမှစပြီး သူနာပြုအကူအညီနဲ့ ရောဂါကိုသတ်မှတ်ပြီး ဆေးကုသချက် အကြံပေးလို့ သူနာပြုများက ဆက်လက်ဆောင်ရွက် လုပ်ကိုင်ပေးရပါတယ်။ ဆေးရုံမှာ ပိတ်ရက်ဆိုတာ မရှိပါဘူး။ အလှည့်ကျနားရတာပဲရှိပါတယ်။ ဆေးလောကဝန်ထမ်းများဟာ အပြန်အလှန် အဆင့်ဆင့်လေးစားရပြီး မိသားစုသဖွယ် Group Work အလုပ်အကိုင် ဖြစ်ပါတယ်။ ကဏ္ဍအားလုံးဟာ ဟန်ချက်ညီရပါတယ်။ အဆိုရှင်ဆိုခဲ့သလို သူနာပြုဝင်ခွင့်ကို အမှတ်နဲ့မဟုတ်ဘဲ ဝါသနာနဲ့ ဝင်သင့်တယ်ဆိုတာ မှန်ပါတယ်။ ဆေးကုသသည့်အလုပ်ဟာ ဝါသနာ၊ စေတနာ၊ အနစ်နာတို့နဲ့ ပြည့်စုံရပါတယ်။ သူနာပြုဝင်ခွင့်ကို ကျွန်မအနေနဲ့ Diploma နဲ့ Bachelor မခွဲခြားဘဲ တစ်မျိုးတည်းပဲထားမယ်ဆိုရင် ပိုကောင်းတယ်ထင်ပါတယ်။ သူနာပြုသင်တန်းတက်ပြီး အလုပ်ဝင်ပြီး တစ်နှစ်အချိန်တစ်ခု နှစ်နှစ် သို့မဟုတ် သုံးနှစ်ကြာမှ BNSc အဆင့်ကိုတက်ပြီး ထိုအဆင့်မှာမှ Speciality များဖြစ်တဲ့ ICU သင်ကြားရေး၊ မျက်စိ၊ ကလေး၊ အရူး စသည်ဖြင့် Specialityများခွဲခြားပြီး အထူးသူနာပြုများအဖြစ် သင်ကြားပေးရင် ပိုကောင်းမယ်ထင်ပါတယ်။ BNSc ထိုမှတစ်ဆင့် အထူးပြု MSC များအဖြစ် သူနာပြုများရဲ့ သက်ဆိုင်ရာဘာသာကျွမ်းကျင်မှုများကို ပိုမိုလေ့ကျင့်သင်ကြား ပေးနိုင်မယ်ဆိုလို့ရှိရင် သူနာပြုအဆင့်များလည်း တက်သွားနိုင်ပါတယ်။ သူနာပြုရာထူးကိုလည်း ထိုအဆင့်များမှာ သတ်မှတ်ပေးနိုင်ပါတယ်။ ရိုးရိုးသူနာပြုမှ ရာထူးတိုးမြှင့်တဲ့ကိစ္စနဲ့ပတ်သက်လို့ အလုပ်ဝင်စမှာ Train Nurse ၊ ပြီးရင် အပြာဝတ် (SN) ၊ အစိမ်းဝတ် (Sister) ၊ Matron အဆင့်ဆင့် တက်သွားနိုင်ပါတယ်။ လုံချည်အရောင်ပြောင်းသွားသလို၊ ဦးဆောင်းပြောင်းသွားသလို တာဝန်က

လည်း ပိုပိုပြီးကြီးသွားပါတယ်။ လူနာကိုစောင့်ရှောက်ရခြင်း၊ အထက်အောက် ကြီးကြပ်ရခြင်း၊ ဆေးရုံအတွင်းအပြင် သန့်ရှင်းရေးကြီးကြပ်ရခြင်း၊ လက်အောက်သူနာပြုများကို သင်ကြားပေးရခြင်းဟာ သူနာပြုအဆင့်ဆင့်တိုင်း လုပ်ဆောင်ရပါတယ်။ TN အနီဝတ်က အခြေခံသူနာပြုလုပ်ငန်းများကို လုပ်ဆောင်ရပြီး လူနာတစ်ဦးချင်းရဲ့လိုအပ်ချက်များကို ဖော်ထုတ်ပြုစုပြီး SN ကို ကူညီလုပ်ကိုင်ပေးရပါတယ်။ Ward ပေါင်းစုံလှည့်လည်ပြီးတော့ အတွေ့အကြုံလှည့်လည်တာဝန်ကျပြီးတော့ လုပ်ကိုင်ရတဲ့အတွက် သုံးနှစ်ခန့်ထားပါတယ်။ Senior Nurse အပြာဝတ်ကတော့ Ward တစ်ခုလုံးကို တာဝန်ယူပြီး ဆရာဝန်ညွှန်ကြားချက်များကိုလုပ်ဆောင်ပြီးတော့ လက်အောက်ငယ်သားများကို သင်ကြားရင်း ဆောင်ရွက်ပေးရပါတယ်။ ဆေးဝါးများကို မှာယူထိန်းသိမ်းပြီးတော့ စာရင်းဇယားများပြုစုထားရပါတယ်။ သူလည်း Work Load ရှိပါတယ်။ အစိမ်းဝတ် Sister ကတော့ Ward ကြီးတစ်ခု သို့မဟုတ် ဆေးရုံကြီးတစ်ခုလုံးကို တာဝန်ယူလုပ်ကိုင်ရပါတယ်။ လက်အောက်ငယ်သားများကို တာဝန်ချထားခြင်း၊ Duty Roster များဆွဲခြင်း၊ နှစ်စဉ် Report ရေးပြီးတော့ ဆေးရုံအုပ် သို့မဟုတ် Matron ကို တာဝန်ခံရပါတယ်။ Matron ဆိုတာကတော့ ဆေးရုံကြီးများမှာ တစ်ယောက်ပဲရှိပါတယ်။ ဆေးရုံတစ်ခုလုံးကို ကြီးကြပ်ပြီး တာဝန်ယူရပါတယ်။ ဆေးရုံအဆောင်အားလုံးကို Ward လှည့်ပြီး သူနာပြုပိုင်း၊ သန့်ရှင်းရေးပိုင်း ကိစ္စအားလုံးကို ကြီးကြပ်ရပါတယ်။ လက်အောက်ဝန်ထမ်းများရဲ့ တာဝန်(Duty)များ ချထားပေးရပါတယ်။ အထက်ဆရာကြီးများကို တာဝန်ခံပေးရပါတယ်။ အဆင့်ဆင့် သူနာပြုဆရာမကြီးများဟာ တာဝန်ယူ၊ တာဝန်ခံရတဲ့အတွက် သူနာပြုပိုင်းမှာရော၊ အုပ်ချုပ်ရေးပိုင်းမှာရော အတွေ့အကြုံရင့်ကျက်ပြည့်ဝနေရပါမယ်။ ဆရာဝန်ကြီးများကို တာဝန်ခံရပြီးတော့ ထိုက်သင့်တဲ့အရွယ်လည်း ဖြစ်ရပါမယ်။ ဆရာမများ ရာထူးအဆင့်ဆင့်တိုးဖို့ရာ သူတို့ရဲ့လုပ်သက်၊ အရည်အချင်း၊ အင်တာဗျူးအမှတ်များကိုကြည့်ပြီး ဆုံးဖြတ်ရပါတယ်။ သူနာပြုတစ်ယောက်ရဲ့ အရည်အချင်းကို ထိုအဆင့်ကို ဖြတ်ကျော်သွားပြီးတဲ့အဆင့်မြင့်ရောက်တဲ့သူနာပြုများကသာ ဆုံးဖြတ်နိုင်ပါလိမ့်မယ်။ ဆေးပညာသင်ကြားရေးမှာ မှန်ပါတယ်။ Teaching နဲ့ Clinical ပိုင်း နှစ်ခုရှိပါတယ်။ Teaching ဆရာမများဟာ ခုနက Clinical ပြီးမှသွားတာမို့လို့ စာတွေ့ရော၊ လက်တွေ့ရော သင်ကြားနိုင်ပါတယ်။ Teaching ပိုင်းက လူနည်းတာမို့လို့ ရာထူးတက်တာပိုမြန်ပါတယ်။ အဆင့်ဆင့်ကြားခံနယ်များကို ကျော်လိုက်မယ်ဆိုလို့ရှိရင်တော့ ရာထူးတက်တာပိုမြန်နိုင်ပေမဲ့ အတွေ့အကြုံလုံလောက်မှုရှိ/မရှိ စဉ်းစားသင့်ပါတယ်။ သူနာပြုများဟာ ဆေးရုံမှာအချိန်ပြည့် Duty ရှိရတဲ့အပြင် အရေးပေါ်တာဝန်ရှိရင်လည်း ဆရာဝန်၊ သူနာပြုအားလုံးဟာ ဝိုင်းဝန်းလုပ်ကိုင်ရသည့်အတွက်

ပင်ပန်းပါတယ်။ Duty sheet အဝင်အထွက်များသည့်အတွက် ဆေးရုံဝင်းထဲမှာပဲ ဆရာမအဆောင်များကို ထားပေးရပါတယ်။ ဝတ်စုံဝတ်ရသည့်အတွက် ဝတ်စုံစရိတ်လုံလောက်အောင် ပေးသင့်တာမှန်ပါတယ်။ ရောဂါကာကွယ်ရေးပစ္စည်းများကိုလည်း ပေးသင့်တာမှန်ပါတယ်။ သူနာပြုမွေးထုတ်နိုင်စွမ်းဟာ လက်ရှိအခြေအနေမှာ လိုအပ်တာထက်နည်းနေလို့ သူနာပြုလိုအပ်ချက် တစ်သောင်းခွဲခန့်ရှိသည်ဟုသိရပါတယ်။ နိုင်ငံခြားထွက်ခြင်း၊ ပုဂ္ဂလိကဆေးရုံများမှာ လုပ်ကိုင်ခြင်းစသည်များကြောင့်သူနာပြုအင်အားနည်းသွားပါတယ်။ သူနာပြုသင်တန်းများဖွင့်ပြီးတော့ ဖြည့်ဆည်းဖို့ဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကိုလည်း ကြည့်ရပါသေးတယ်။ သူနာပြုသင်တန်း ကာလဟာလည်း သုံးနှစ်ဆိုတော့ချက်ချင်းအင်အားမဖြည့်တင်းနိုင်တဲ့အတွက် လက်ရှိသူနာပြုများ ပိုမိုပင်ပန်းကြပါလိမ့်မယ်။ သို့အတွက် သူနာပြုများကို ကူညီပေးဖို့ရာအတွက် အချိန်တိုတိုအတွင်း မွေးထုတ်နိုင်တဲ့ အကူသူနာပြုများကိစ္စကို စဉ်းစားသင့်ပါတယ်။ အကူသူနာပြုများအတွက် သင်တန်းကာလဟာလည်း တိုပါတယ်။ ကာလသတ်မှတ်ပြီးတော့ စည်းကမ်းချက်များ၊ သင်ရိုးများရေးဆွဲပြီးတော့ အကူသူနာပြုများမွေးထုတ်ခြင်းအားဖြင့် သူနာပြုများရဲ့ Work Load များကို လျှော့ချပေးနိုင်မယ်လို့ထင်ပါတယ်။ ထို့အပြင်သူနာပြုအဆင့်ဆင့် အကူသူနာပြုတို့ရဲ့ တာဝန်ခံခြင်း၊ တာဝန်ယူခြင်း၊ Job description များကိုတိတိကျကျ ရှင်းရှင်းလင်းလင်းရေးဆွဲပြီး ထပ်ပြီးပြဋ္ဌာန်းပေးဖို့လိုမယ် လို့ထင်ပါတယ်။ လက်ရှိစေတနာနဲ့တာဝန်ထမ်းဆောင်နေကြသော သူနာပြုများကို ဂုဏ်ပြုခြင်းအဆိုကို ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ပါ။ ဂန့်ဂေါမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြမှုများထဲက သူနာပြုဝန်ထမ်းများအနေနဲ့ လုပ်ငန်းခွင်က စွန့်ခွာသွားကြရတဲ့အကြောင်းအရင်းများကို ဆွေးနွေးသွားလိုပါတယ်။ ကျွန်တော့်ရဲ့ဆွေးနွေးချက်များဟာ သူနာပြုပြည်သူများရဲ့အသံကို လွှတ်တော်အသံဖြင့်ပြောင်းလဲပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဆိုကို ကျွန်တော် ဆွေးနွေးဖို့အတွက် သူနာပြုတော်တော်များများနဲ့ ဆက်သွယ်ဆွေးနွေးပြီးတော့မှ သူတို့ ဆွေးနွေးချက်ထဲကနေမှ ကျွန်တော် ဆွေးနွေးပေးမှာဖြစ်တဲ့အတွက် ဒါဟာ

သူနာပြုများရဲ့အသံလို့ ကျွန်တော် ပြောဆိုလိုခြင်းဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျိုင်းတုံ Training ကနေ ဆင်းလာပြီးတော့မှ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ထဲမှ တိုက်နယ်ဆေးရုံမှာ တာဝန်ကျနေတဲ့ဆရာမလေးရဲ့အခက်အခဲကို တင်ပြချင်ပါတယ်။ သူက First Posting ဖြစ်ပြီးတော့မှ တိုက်နယ်ဆေးရုံမှာ သူကျနေပါတယ်။ တိုက်နယ်ဆေးရုံဆိုတာက ဆရာဝန်မရှိတဲ့အခါမှာ လူနာက မရှိပါဘူး။ ဒါကြောင့် သူ့မှာ အတွေ့အကြုံကောင်းတွေမရဘူးလို့ သူကပြောပါတယ်။ ဆိုတော့ အတွေ့အကြုံကောင်းတွေရဖို့အတွက်ဆိုရင် သင်တန်းဆင်းဆင်းခြင်း ဒီ First Posting မှာ ဒီဆေးရုံကြီး ကိုချပြီးတော့မှ သူတို့ကို တိုက်နယ်ဆေးရုံကိုပို့ရင်တော့ ပိုကောင်းမယ်လို့ သူက ဆွေးနွေးပါတယ်။ အခု လုပ်သက်နှစ်နှစ်တာ ရှိသွားပြီဖြစ်ပေမဲ့ အရည်အချင်းတွေတက်လာတာ မတွေ့ရတဲ့အတွက် ဒီအလုပ် ခွင်ကို သူစိတ်ပျက်မိတယ်လို့ သူက ပြောဆိုပါတယ်။

ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်မှာလည်း တိုက်နယ်ဆေးရုံက ခြောက်ရုံရှိပါတယ်။ ကျွန်တော် အခါအခွင့်သင့်တိုင်းကို အဲဒီဆေးရုံကိုရောက်ပါတယ်။ ဒီ မောင်းခမ်းတိုက်နယ်ဆေးရုံ၊ နောင်ပိုအောင် တိုက်နယ်ဆေးရုံ၊ သောင်သွပ်တိုက်နယ်ဆေးရုံများကို ရောက်တဲ့အခါမှာ လူနာမတွေ့ရှိရပါဘူး။ ဒါကြောင့် ကျွန်တော် မေးကြည့်ပါတယ်။ ဘာလို့ လူနာမရှိတာလဲ။ ဒီကျေးရွာကလူတွေက ဒီဆေးရုံကို အားမကိုးလို့လားလို့ မေးတဲ့အခါမှာ သူနာပြုဆရာမများက ကျွန်တော့်ကို ဖြေပါတယ်။ ဆရာဝန်မရှိတဲ့ အတွက် လူနာမရှိတာပါလို့ ကျွန်တော့်ကို ဖြေပါတယ်။ ကျွန်တော်သွားတဲ့အချိန်မှာလည်း ဆရာဝန် တွေက အကြောင်းကြောင်းကြောင့်မရှိတာနဲ့ တွေ့ကြုံနေရပါတယ်။ ဒါကြောင့် အဲဒီလိုတိုက်နယ်ဆေးရုံ တွေမှာ First Posting အဖြစ်ကျလာတဲ့ သူနာပြုဆရာမလေးမှာတော့ အတွေ့အကြုံကောင်းတွေ မရရှိနိုင်ဘူးဆိုတာကို ကျွန်တော်တို့ ဒါ တွေးဆလို့ရပါတယ်။ ကျွန်တော်မြို့နယ်က သောင်သွပ် တိုက်နယ်ဆေးရုံဆိုလို့ရှိရင် ဆရာဝန်မရှိတာ တစ်နှစ်ကျော်နေပါပြီ။ သူနာပြုတက္ကသိုလ်ရယ်၊ ဒီ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်ရယ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ ဆေးဘက်ပညာရပ်တက္ကသိုလ် များဟာ ပညာသင်ကာလလေးနှစ်ဖြစ်ပါတယ်။ လေးနှစ်ဆင်းတာချင်းအတူတူမှာ တက္ကသိုလ်သူနာပြု ကဆင်းတဲ့ ဒီသင်တန်းသားများကတော့ Trained Nurse အဖြစ် စတင်အလုပ်ဝင်ရပြီးတော့မှ လစာကလည်း Trained Nurse လစာစားရပါတယ်။ ကျန်တဲ့ လေးနှစ်ဆင်းများကတော့ Sister လစာနဲ့ ခံစားရပါတယ်။ အဲဒီလိုမညီမျှခြင်းကလည်း သူတို့ သူနာပြုလောကမှာတော့ ပုစ္ဆာတစ်ခု ဖြစ်နေတယ်လို့ သူတို့ဆွေးနွေးကြပါတယ်။ ဒီကျန်းမာရေးဦးစီးဌာနမှမဟုတ်ဘဲနဲ့ အကျဉ်းဦးစီးဌာန လိုမျိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာနလိုမျိုးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ သူနာပြုများ

အဖို့ကျတော့ သူတို့အတွေ့အကြုံကောင်းများရရှိမှုနည်းပါးခြင်း၊ အပြောင်းအရွှေ့များခက်ခဲခြင်း ကြုံနေရပြီး ရာထူးတိုးဖြေဆိုခွင့်တွေလည်း ဆုံးရှုံးကြတယ်လို့ သူတို့ဆွေးနွေးပါတယ်။

နောက်တစ်ချက်က သူနာပြု Master တက်နေတဲ့ သူနာပြုများအနေနဲ့လည်း ရာထူးတိုးတဲ့ နေရာမှာအခက်အခဲရှိတယ်လို့ သူတို့ပြောဆိုပါတယ်။ ကျွန်တော်တို့ပညာရေးဘက်မှာဆိုလို့ရှိရင် ပညာရေးကောလိပ်ဆင်းများကို မူလတန်းပြအဖြစ် စတင်ခန့်ပါတယ်။ B.Ed ဆင်းများကိုတော့ အလယ်တန်းပြအဖြစ် စတင်ခန့်ပါတယ်။ အဲဒီတော့ ရာထူးလည်းမတူသလို လစာလည်းမတူပါဘူး။ ဒီကျန်းမာရေးဌာနဘက်မှာကျတော့ သူနာပြုတက္ကသိုလ်ဆင်းရော၊ သူနာပြုဒီပလိုမာဆင်းရောဟာ Trained Nurse ကနေစပြီးတော့မှ လစာလည်းတူ၊ ရာထူးလည်းတူပါတယ်။ အနီဝတ်ကနေ၊ အပြာဝတ်ကို ရာထူးတက်သွားပေမဲ့ လစာကတော့ မတိုးလာပါဘူး။ ကျွန်တော်တို့ ပညာရေးဦးစီးဌာန လက်အောက်မှာ တစ်ချိန်တုန်းက ဆရာအတတ်သင်ကျောင်းများကို ပညာရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်ပြောင်းလဲခဲ့သလို သူနာပြုဒီပလိုမာသင်တန်းများကိုလည်း သူနာပြုကောလိပ်အဖြစ် အဆင့်မြှင့်လို့ရမလားလို့ ကျွန်တော် မေးချင်ပါတယ်။ ရမယ်ဆိုလို့ရှိရင်လည်း ဒီသူနာပြုကောလိပ် တွေနဲ့ သူနာပြုတက္ကသိုလ်များကို တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ပေါင်းကူးများ ဖွင့်ပေးသင့်တယ်လို့ အကြံပြုချင်ပါတယ်။ သူနာပြုအင်အားဖြည့်တင်းမှုများစွာကို ပြုလုပ်နေတယ်ဆိုသော်လည်း တာဝန် ထမ်းဆောင်နေတဲ့ပညာတတ်ဘွဲ့ရတွေ၊ သူနာပြုများစွာဟာ အလုပ်ထွက်ခြင်း၊ အခြားလုပ်ငန်းသို့ ကူးပြောင်းခြင်းကို တွေ့နေရပါတယ်။ ဒါကြောင့် ဌာနတွင်းမှာ အကြောင်းအမျိုးမျိုးနဲ့ ထွက်ခွာနေကြတဲ့ သူတို့ကို ဘာကြောင့်ထွက်ခွာသလဲလို့ ဆွေးနွေးတဲ့အခါမှာတော့ သူတို့ရရှိထားတဲ့ဘွဲ့၊ ဒီဂရီတွေဟာ သူတို့နဲ့လျော်ညီတဲ့ ရာထူး၊ အခွင့်အလမ်းတွေနည်းပါးနေတဲ့အတွက်ကြောင့်လို့ သူတို့ ဖြေကြားကြ ပါတယ်။ ဒီတစ်ချက်ကိုလည်း ကျွန်တော်တို့က ဆန်းစစ်ဖို့လိုပါတယ်။ အစိုးရက အကုန်အကျခံပြီး တော့မှ မွေးထုတ်ပေးထားတဲ့၊ အရည်အချင်းပြည့်ဝတဲ့၊ အရည်အချင်းရှိတဲ့သူနာပြုတွေ ဆုံးရှုံးမှု ထပ်မံမဖြစ်စေဖို့အတွက် လုပ်ငန်းခွင်ပျော်ပိုက်ပြီးတော့မှ ဒီလူနာစောင့်များနှင့်ဆက်ဆံရေးတိုးတက် ကောင်းမွန်လာစေရန်အတွက်ဆိုလို့ရှိရင်တော့ သူနာပြုလောကကို ပြုပြင်ပြောင်းလဲမှုအလျင်အမြန် လုပ်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဆေးရုံမှာ TN ၅၀ ရှိတဲ့အနက် ခြောက်ယောက်ပဲရှိနေတဲ့အတွက် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးကျန်းမာရေးကိုသွားရောက်ပြီး သူနာပြုများကို တောင်းဆိုဆွေးနွေးဖူးပါတယ်။ အဲဒီမှာ တိုင်းဒေသကြီးကျန်းမာရေးတာဝန်ရှိပုဂ္ဂိုလ်က ကျွန်တော့်ကို ပြောပါတယ်။ လုပ်ငန်းခွင်အတွင်းမှာ သူနာပြုတွေက ရွှေလိုရှားပါးနေတယ်ဆရာရေ့လို့

ညည်းခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာက ရွှေလိုရှားပါးနေတဲ့သူနာပြုများကို ရွှေလိုတန်ဖိုးရှိအောင် မြှင့်တင်ပေးကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို ဒီနေရာမှာ ရပ်နားချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်တဲ့ သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်ရဲ့ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့အဆိုရဲ့ခေါင်းစဉ်နဲ့ အဆိုရှင်ရဲ့ဆွေးနွေးချက်ကို နားထောင်လေ့လာကြည့်တဲ့အခါမှာ ဒီအဆိုဟာ သူနာပြုများကိုမြှင့်တင်ဖို့သက်သက်၊ သူနာပြုများရဲ့အကျိုးအတွက် သက်သက်မဟုတ်ဘဲနဲ့ အဓိကပြည်သူလူထုအတွက်၊ ပြည်သူတို့ရဲ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်ပြည့်စုံစေရေးအတွက် ရည်ရွယ်ခဲ့တယ်ဆိုတာကို တွေ့နိုင်ပါတယ်။

ကျွန်မအနေနဲ့ကတော့ လူနာ၊ လူနာရှင် အများပြည်သူဘက်မှအမြင်နှင့် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးပါရန် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာမှာ နိုင်ငံတော်အစိုးရဘက်မှလည်း ဆောင်ရွက်ပေးရန်လိုအပ်သလို သူနာပြုများကိုယ်တိုင်လည်း စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကိုအရင်းခံလျက် သူနာပြုတို့ရဲ့ကျင့်ဝတ်များကို သေချာစွာနားလည်ပြီး လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်လို့ မြင်မိပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုဟာ မြို့ကြီးပြကြီးဆေးရုံများမှာလည်း သူနာပြုများရဲ့အခန်းကဏ္ဍဟာ အရေးပါသလို၊ မြို့နယ်ဆေးရုံများ၊ ကျေးလက်ဒေသများမှာရှိတဲ့ တိုက်နယ်ဆေးရုံများမှာလည်း သူနာပြုများဟာ ပြည်သူတို့ရဲ့အားကိုးရာဖြစ်ပါတယ်။ သူနာပြုများသာမက ကျေးလက်ဒေသများမှာ သားဖွားဆရာမလေးများဟာလည်း အထွေထွေရောဂါကုဆရာဝန်တစ်ယောက်လို ကျန်းမာရေးဝန်ဆောင်မှုများကို ပေးနေရပါတယ်။ ရန်ကုန်၊ မန္တလေးသာမက ခရိုင်/မြို့ကြီးဆေးရုံများမှာ သတ်မှတ်လူနာခုတင်အရေအတွက်ထက်ပိုပြီးတော့ ဆေးရုံတက်ရောက်နေကြပြီး ရောဂါကြီးသောလူနာများ၊ ကုသမှုနှင့်ဝေးသောနေရာများမှ လွှဲခံမှုရောက်လာသော အသဲအသန်လူနာများ၊ မြွေကိုက်လူနာများ၊

Accident ဖြစ်ပြီး ရောက်လာသောလူနာများရဲ့အကြားမှာ သူနာပြုများဟာ လက်မလည်အောင် ပျားပန်းခတ် အလုပ်လုပ်နေကြရပါတယ်။ ရောဂါဘယများကြားမှာ အန္တရာယ်လည်းများလှပါတယ်။ ထိုအခါမှာ အလုပ်ပင်ပန်းခြင်း၊ စိတ်မရှည်ခြင်းဆိုတဲ့လက္ခဏာတွေ ရှိလာပါတယ်။ သူနာပြုတို့ရဲ့ တာဝန်ဟာ ကုသရေးသာမက လူနာကိုကရုဏာအပြည့်နဲ့ ပြုစုစောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ သို့သော်လည်း ပြုစုစောင့်ရှောက်မှုဆိုတဲ့နေရာမှာ လစ်ဟင်းလာတာတွေ ရှိလာပါတယ်။ ဒီအခါမှာ သူနာပြုဆရာမများနှင့် လူနာ၊ လူနာရှင်များအကြားမှာ ပြဿနာများရှိပါတယ်။ တိုင်ကြားမှုများလည်း ရှိလာပါတယ်။ ဒီလိုပြဿနာတွေ လျော့နည်းသွားအောင် ကျန်းမာရေးစောင့်ရှောက်မှုအလွန်လိုအပ် နေတဲ့ ပြည်သူများအတွက် ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုများ ပေးနိုင်အောင် နိုင်ငံတော်အနေနဲ့လည်း သူနာပြုတို့ရဲ့လိုအပ်ချက်များကို ပံ့ပိုးပေးရန်လိုအပ်သလို လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ် ပေးရန်လည်း လိုအပ်နေပါတယ်။ ရှေ့မှာတုန်းက ပြည်ထောင်စုဝန်ကြီးဆွေးနွေးခဲ့ဖူးသလို လူ့စွမ်းအား အရင်းအမြစ်ဆိုတာဟာ နေ့ချင်း၊ ညချင်းမွေးထုတ်လို့မရဘူးဆိုတာ မှန်ပါတယ်။ ဒီလိုအချိန်မှာ ကိုယ့်နိုင်ငံက မွေးထုတ်ပေးထားသော ကျွမ်းကျင်သူနာပြုများ လုပ်ငန်းခွင်မှထွက်ခွာမသွားအောင် ပြည်ပကိုထွက်သွားတာမျိုးတွေ မဖြစ်လာအောင် နိုင်ငံတော်အနေနဲ့လည်း ဘယ်လိုစီမံသင့်သလဲ ဆိုတာကိုသုံးသပ်ဖို့ လိုအပ်လာပါပြီ။

သူနာပြုများမှာ အဆိုရှင်တင်ပြခဲ့သလို အထိုက်အလျောက် ပညာရည်မြင့်မားမှုများ ရှိကြပါ တယ်။ သူတို့အတွက် ရာထူးတက်လမ်းဆိုတာလည်း အရေးကြီးပါတယ်။ လုပ်သက်၊ လစာ၊ ပညာ သင်ယူခွင့်တို့နဲ့ ဆွဲဆောင်နိုင်ပါတယ်။ သူနာပြုတက္ကသိုလ်မှ ဘွဲ့လွန်အဆင့်ဆင့်၊ ဒီဂရီရရှိသူများ မွေးထုတ်ပေးနိုင်ဖို့ လိုအပ်သလို ဒီပလိုမာသမားများကိုလည်း လစာနှင့် BNSc ပေါင်းကူးပြန်တက်ခွင့် ပေးပြီး ပညာဆက်လက်သင်ယူနိုင်ရန် အားပေးဖို့ လိုအပ်ပါတယ်။ ရာထူးအဆင့်ဆင့်တိုးပေးတဲ့အခါ မှာလည်း လုပ်သက်ရော၊ ပညာအရည်အချင်းကိုပါ စဉ်းစားသင့်ပါတယ်။ သူနာပြုလောကကို သူနာပြု များကိုယ်တိုင် အရည်အချင်းပြည့်ဝစွာစီမံအုပ်ချုပ်နိုင်သော အခြေအနေတစ်ရပ်ကို ထူထောင်နိုင်ဖို့ လိုအပ်ပါတယ်။ နောက် သူနာပြုအကူသင်တန်းများကိုလည်း အထူးကြပ်မတ်စိစစ်ပေးဖို့လည်း လိုအပ်နေပါတယ်။

အထူးသူနာပြုကဏ္ဍမှာလည်းပဲ ဆွေးနွေးလိုပါတယ်။ ကျွန်မတို့ ငယ်စဉ်တုန်းက သူနာပြုကြီး များဟာ မိသားစုကိုယ်စား မိသားစုဝင်ကဲ့သို့ လူနာကို ကျွမ်းကျင်စွာ အပြည့်အဝစောင့်ရှောက်မှုပေး တာတွေကို တွေ့ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း မြို့ကြီးများ၊ ပုဂ္ဂလိကဆေးရုံများမှာ သတ်မှတ်ထားတဲ့

ဝန်ဆောင်မှုနှုန်းအတိုင်း အထူးသူနာပြုများ ငွေရမ်းရတဲ့အခါမှာ သူနာပြုများဘက်မှ ပြုစုစောင့်ရှောက်မှုဝတ္တရားများ အားနည်းလာတာကိုလည်း တွေ့ရပါတယ်။ ဒါတွေကိုလည်း ရှေ့မီ၊ နောက်မီ ဝါရင့်သူနာပြုကြီးများက ပြန်လည်တည့်မတ်ပေးဖို့ လိုအပ်ပါတယ်။ အချို့သောသူနာပြုများ ဘက်မှလည်း ကုသမှုပညာသာမက စိတ်ပိုင်းဆိုင်ရာအရည်အသွေးများပါ မြှင့်တင်ပေးရန် လိုအပ်နေ ပါတယ်။ မိမိတို့အလုပ်ကို မွန်မြတ်သောအလုပ်၊ လေးစားထိုက်သောအလုပ်လို့ သတ်မှတ်ခြင်းခံရတာ ဟာ ဘာကြောင့်လဲဆိုတာကို ခံယူချက်မှန်ဖို့၊ နှလုံးသွင်းမှန်ဖို့ လိုပါတယ်။ သူနာပြုလောကကို ဝင်ရောက်လာခြင်းဟာ ဝင်ခွင့်အမှတ်သာမက ဝါသနာအရပါ ဝင်ရောက်လာဖို့လည်း လိုပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့ သူနာပြုလောကကို ပြုပြင်ပြောင်းလဲဖို့ဆိုတာဟာ နိုင်ငံတော် ဘက်မှရော၊ သူနာပြုဆရာမများဘက်မှပါ နှစ်ဖက်တာဝန်ရှိပါတယ်လို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်ပီပီ ပြည်သူ့ဝန်ထမ်းများရဲ့အခွင့်အရေးကို အလေးထားပြီး တိုက်တွန်းထားတဲ့အဆိုရဲ့ ရည်ရွယ်ချက်ကို ကြိုဆိုထောက်ခံပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ကျန်းမာရေးကဏ္ဍမှ ဝင်ရောက်တာဝန်ထမ်းဆောင်နေတဲ့သူနာပြုများသို့လည်း မွန်မြတ်သောနှလုံးလှ ပိုင်ရှင်များအဖြစ် တင်စားဂုဏ်ပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ပညာရေး စနစ်ရဲ့အလွဲတွေကြောင့် နိုင်ငံဟာအဘက်ဘက်ကနစ်နာခဲ့ပါတယ်။ မြေစမ်းခရမ်းပျိုးခြင်းတွေများတာ ကြောင့် အခုလိုအလုပ်တစ်ခုထဲမှာတင် ခွဲခြားထောက်ပြစရာတွေ ဖြစ်ပေါ်လာတယ်လို့ သုံးသပ် ပါရစေ။ (၁၀)တန်းအောင်လက်မှတ်နဲ့ တက္ကသိုလ်ဝင်ခွင့်ကို ကန့်သတ်လိုက်တဲ့နေရာမှာ အမှတ်ပေါင်း ၄၇၀ နဲ့ ၅၀၀ ကြားမှာ မိန်းကလေးအများစုဦးရေ ပိုမိုများပြားနေတာဖြစ်တယ်။ ဒါကြောင့်မို့လို့ ဆေးတက္ကသိုလ်တွေ၊ စက်မှုတက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်များကို မိန်းကလေး အမှတ်မြင့်ခေါ်ထားတာဖြစ်တဲ့အတွက် ၄၇၀ လောက်ဆိုရင် တတိယဦးစားပေးအဆင့်လောက်မှာရှိတဲ့

Nursing တက္ကသိုလ်ကိုပဲရခဲ့တာဖြစ်ပါတယ်။ သို့သော် အမှတ် ၅၀၀ နီးပါးလောက်ရသော်လည်း ကိုယ်ဝါသနာပါရာ၊ ကိုယ်ရည်မှန်းရာကို ဦးစားပေးပြီး ရိုးရိုးသိပ္ပံတွဲ့များကို လျှောက်ယူသွားတဲ့ လူများလည်း ရှိပါတယ်။ အမှတ်က Nursing တက္ကသိုလ်မီသော်လည်း လုပ်ငန်းခွင်ထဲကိုဝင်ချင်လို့ သို့မဟုတ် Nursing တက္ကသိုလ်တက်ဖို့ မတက်နိုင်လို့ Nursing Diploma ပဲယူပြီး လုပ်ငန်းခွင်ထဲကို ဝင်ရောက်သွားသူတွေလည်း ရှိပါတယ်။ ဆိုလိုတာကတော့ ဦးစားပေးရွေးချယ်ခွင့်ရှိပါတယ်ဆိုတာကို ပြောချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နောက်တစ်ခုဆွေးနွေးလိုတာက သူနာပြုလောကအား ပြုပြင်ပြောင်းလဲ၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်ဆိုတဲ့ အဆိုရှင်ရဲ့တိုက်တွန်းထားချက်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ကျန်းမာရေးစနစ်ကြီးကို ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဆိုပြီးတော့ ကဏ္ဍကြီးနှစ်ခု နဲ့ မောင်းနှင်နေတာဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍမှာ ဝန်ထမ်းများကို အကျဉ်းချုပ်ဖော်ပြ ရရင် အခြေခံယူနစ်ဖြစ်တဲ့ သားဖွားသူနာပြုရှိတယ်။ PHS(II) ခေါ် ပြည်သူ့ကျန်းမာရေးကြီးကြပ် အဆင့်(၂)တွေလည်းရှိတယ်။ ကျန်းမာရေးမှူးအဆင့်ဆင့် အမျိုးသမီးကျန်းမာရေးဆရာမတွေနဲ့ ဆရာဝန်အဆင့်ဆင့်ရယ်လို့ သူတို့တွေလည်း အရေးပါစွာဆောင်ရွက်နေပါတယ်။ ကုသရေးမှာတော့ ဆေးရုံ၊ ဆေးခန်းများမှာ သူနာပြုအဆင့်ဆင့်တွေ၊ ဆရာဝန်အဆင့်ဆင့်တို့အပြင် သုတေသနပညာရှင် တွေ၊ ဆေးဝါးကျွမ်းကျင်တွေ၊ ဓာတ်ခွဲဓာတ်မှန်ဝန်ထမ်းအဆင့်ဆင့်တို့ဟာလည်း ကျန်းမာရေးလောက ကြီးထဲမှာ ဝင်ရောက်တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးကဏ္ဍကြီးကို မြှင့်တင်ရန် ဝန်ထမ်းအမျိုးအစားတစ်ရပ်ကိုသာ ဦးစားပေးပြုပြင်ပေးတာထက် အရေးပါသူအားလုံးကို မှန်ကန်သောမူဘောင်များအတွင်းမှသာ ပြုပြင်သင့်ပါတယ်လို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ယခု အစိုးရလက်ထက်မှာ ဆေးရုံတွေရဲ့ Work Load ကိုလျှော့ချနိုင်ဖို့ ပြည်သူ့ကျန်းမာရေးကဏ္ဍကို မြှင့်တင်နေပြီဖြစ်ပါတယ်။ အခြေခံကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်ထားတာအတွက် အထူးပဲ ကြိုဆိုပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ သူနာပြုဝန်ထမ်းများအတွက် အခွင့်အရေးများလည်းရှိကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ ဆေးရုံး Duty ကို Shift နဲ့ယူရခြင်းဖြစ်ပါတယ်။ သူနာပြုဝန်ထမ်းဦးရေပေါ်မူတည် ပြီး ခြောက်နာရီ သို့မဟုတ် ရှစ်နာရီ Duty ယူရတဲ့အတွက် Duty နားရက်တွေရှိတယ်။ သို့မဟုတ် အချိန်ပိုင်းနားရတဲ့အချိန်တွေမှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ရှိပါတယ်။ နောက်တစ်ခါ ကိုယ်မပြောင်းရွှေ့လိုဘူးဆိုရင် ရာထူးတိုးမြှေဆိုခွင့်ကို ငြင်းပယ်ခွင့်ရှိပါတယ်။ တခြား

ကျန်းမာရေးမှူးတို့၊ ဆရာဝန်တို့ဟာ ပြောင်းရွှေ့ဖို့ငြင်းပယ်ခွင့်မရှိပါဘူးရှင့်။ သူနာပြုများက မိမိနေထိုင်ရာဒေသကဆေးရုံတွေမှာ နေရာလပ်မရှိဘူးဆိုရင် ရာထူးတိုးဝင်ရောက်ဖြေဆိုခွင့်မယူခွင့်ကို ပေးထားပါတယ်။ နောက်တစ်ခါ သားဖွားမှ သူနာပြုဒီပလိုမာပေါင်းကူး၊ သူနာပြုမှ B.Sc(nursing) ပေါင်းကူးများကိုလည်း ဖြေဆိုခွင့်ပေးထားပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆေးရုံ Ward များမှာတာဝန်ယူမှုဟာ အဆင့်ဆင့်တာဝန်ယူမှုသာဖြစ်ပါတယ်။ ဆေးရုံရဲ့သန့်ရှင်းရေး၊ Ward များရဲ့သန့်ရှင်းရေး၊ လူနာများသန့်ရှင်းရေးအတွက် ဆေးရုံလုပ်သားများကို သူနာပြုမှတာဝန်ယူကြီးကြပ်ပြီး ဆရာဝန်ကတော့ ဆေးရုံတစ်ခုလုံးကို ကြီးကြပ်တာဝန်ယူရတာဖြစ်ပါတယ်။ ဒီလိုပါပဲ။ ကုသရေးမှာ လူနာကုသရာမှာပဲဖြစ်ဖြစ် လူနာအသက်ကယ်ရတာမှာပဲဖြစ်ဖြစ် Team Work နဲ့လုပ်ကိုင်ရတာဖြစ်ပါတယ်။ လုပ်ငန်းခွင်ဖိစီးမှုဆိုတာကတော့ နေရာတိုင်း၊ ဌာနတိုင်းမှာအနည်းနဲ့အများကြုံတွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန် ကျန်းမာရေးဝန်ထမ်းများရဲ့ အရည်အသွေးများကို မြှင့်တင်ရန်နဲ့ လုပ်ငန်းခွင်ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးဖို့တို့ကို စိတ်အားထက်သန်စွာဆောင်ရွက်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးတစ်ယောက်အားဖြည့်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ ကျွန်မတို့နိုင်ငံရဲ့အပြောင်းအလဲဟာ စိန်ခေါ်မှုမြောက်မြားစွာနဲ့ ကြုံတွေ့ရပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်အောင် သူနာပြုဝန်ထမ်းများအပါအဝင် ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူလူထုတစ်ရပ်လုံးဟာ ကိုယ်ဝိသနာပါရာအလုပ်မှာ စေတနာကောင်းထပ်ဆောင်းထည့်ပြီး ကိုယ့်ရဲ့အခွင့်အရေးများ၊ ရပိုင်ခွင့်များကို တောင်းဆိုခွင့်နဲ့အတူ ကိုယ့်လုပ်ငန်းရဲ့ကျင့်ဝတ်၊ လုပ်ငန်းခွင်စည်းကမ်းများ ပြည့်ဝစွာကျင့်သုံးပြီး တိုင်းပြည်အပြောင်းအလဲကို အားထည့်သင့်ပါကြောင်း ဆွေးနွေး လိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခု ကျွန်မအနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုမှာ ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးတဲ့အခါမှာ အဆိုရှင်ရဲ့နိုင်ငံတော်ရဲ့

ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးရန်ဆိုတဲ့ရည်ရွယ်ချက်ကို ထောက်ခံမှုပြုပြီးတော့ အကြောင်းအရာပိုင်းမှာတော့ ကျွန်မက ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ကျွန်မတို့ မြန်မာပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်နေတဲ့ ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးနဲ့ ကျန်းမာရေးဝန်ထမ်းတို့ဟာ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတော့ ကျွန်မတို့ အသင်းအဖွဲ့လိုက်ကစားရတဲ့ အားကစားအသင်းတစ်သင်းနဲ့ပုံသဏ္ဌာန်ချင်းဆင်တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အားကစားအသင်းအောင်မြင်မှုရတဲ့အချိန်ဆိုတာနောက်ပိုင်းမှသာမြင်ရတဲ့ မြင်ကွင်းတစ်ခုဖြစ်ပြီးတော့ ပထမဦးဆုံးအသင်းသားနဲ့ နည်းပြဆရာတို့မြေပြင်မှာ ကြိုးကြိုးစားစားလေ့ကျင့်ခဲ့ရတာ။ နည်းပြဆရာက အသင်းသားတစ်ယောက်ချင်းစီရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့ ရတာတွေကတော့ အရင်ဆုံးဆောင်ရွက်ပေးခဲ့ရတာဖြစ်ပါတယ်။ အဲဒီလိုပါပဲ ကျွန်မတို့ ကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့အတွက်ဆိုလို့ရှိရင် ကျန်းမာရေးဝန်ထမ်းများရဲ့လိုအပ်ချက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပထမဆုံးဖြည့်ဆည်းပေးရမယ်ဆိုတာကလည်း အမှန်တရားတစ်ခုဖြစ်သလို ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုတာ အစုအဖွဲ့နဲ့ကဏ္ဍစုံက ဘက်ညီညီဆောင်ရွက်မှသာ အောင်မြင်နိုင်တာဖြစ်တာမို့ ကဏ္ဍတစ်ရပ်လုံးမှာရှိတဲ့ ဝန်ထမ်းတွေအားလုံးကို ဖြည့်ဆည်းပေးဖို့ လိုအပ်တယ်ဆိုတာကလည်း တကယ့်ပကတိအမှန်တရားတစ်ခုသာဖြစ်ပါတယ်။ အဲဒီတော့ ဘာလို့ ကျွန်မဒီလိုပြောရတာလဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုမှာက အဆိုရှင်ဆွေးနွေးခဲ့တဲ့အတိုင်းကို ကုသရေးကိုတာဝန်ယူဆောင်ရွက်နေတဲ့သူနာပြုများကို ဖြည့်ဆည်းပေးဖို့ လိုအပ်ရုံသာမကဘဲနဲ့ ခုနက ကနဦးဆွေးနွေးတဲ့သူပြောသွားသလိုမျိုး ပြည်သူ့ကျန်းမာရေးကဏ္ဍမှာ ဆောင်ရွက်လျက်ရှိတဲ့သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးမှူးများ၊ အခြားသောအဆင့်ဆင့်ဝန်ထမ်းများ၊ နောက် ကျွန်မတို့ ရောဂါကာကွယ်ရေး Campaign အသီးသီးမှဝန်ထမ်းများ၊ ရောဂါနှိမ်နင်းတိုက်ဖျက်ရေး Campaign အသီးသီးမှဝန်ထမ်းများ၊ နောက် ကျောင်းကျန်းမာရေးဘက်မှဝန်ထမ်းများ၊ ဆေးဝါးဆေးဘက်ဆိုင်ရာဆေးသုတေသန၊ နောက် သွေးဌာန၊ ဓာတ်ခွဲ/ဓာတ်မှန်ဌာန စသဖြင့် ကျွန်မတို့ဖြည့်ဆည်းပေးဖို့လိုအပ်တဲ့နေရာတွေဟာ နေရာစုံမှာ ဒုနဲ့ဒေးရှိနေပါတယ်လို့ ကျွန်မက ပထမဆုံးဖြည့်စွက်ချက်အနေနဲ့ပြောလိုပါတယ်။ နောက်ကျွန်မဒီမှာ ထပ်မံပြီးတော့ ပြောလိုတာက ကျွန်မတို့နိုင်ငံမှာ အဲဒီလိုမျိုးဖြည့်ဆည်းပေးဖို့၊ ပြောင်းလဲပေးဖို့လိုအပ်နေတဲ့ ဝန်ထမ်း တွေဆိုတာ တခြားသောဝန်ကြီးဌာနရဲ့

ဦးစီးဌာနတွေရဲ့အောက်မှာ အများအပြားကျန်ရှိနေတယ်ဆိုတာ ကိုလည်း ကျွန်မတို့က သတိချပ်စေလိုပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဆက်လက်ပြီးတော့ ဆွေးနွေးလိုတာကတော့ အဲဒီတော့ ဟုတ်ပါပြီ။ ကျွန်မတို့က ကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့အတွက်ဆိုလို့ရှိရင် ကဏ္ဍတစ်ရပ်လုံးမှာရှိတဲ့ ကျွန်မတို့ရဲ့ဝန်ထမ်းအားလုံးကို မြှင့်တင်ပေးမယ်ဆိုတာက စိတ်ဆန္ဒရှိရုံမျှနဲ့လည်း မအောင်မြင်နိုင်ပါဘူး။ ကျွန်မတို့ကျန်းမာရေးအသုံးစရိတ်ဖြစ်တဲ့ ကျန်းမာရေးဘတ်ဂျက်သည် လုံလောက်အောင်ရနိုင်တဲ့ တစ်နေ့မှသာ ကျွန်မတို့က အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ကျန်းမာရေး ဘတ်ဂျက်ကိုပြန်ကြည့်လိုက်တဲ့အခါမှာ ကျွန်မတို့နိုင်ငံသည် ၂၀၀၉ ခုနှစ်မှာ GDP ရဲ့ ၀.၂ ရာခိုင်နှုန်းနဲ့ ကမ္ဘာမှာအနည်းဆုံးဖြစ်ခဲ့ပါတယ်။ နောက် ကျွန်မတို့ ၂၀၁၄ ခုနှစ်မှ GDP ရဲ့ ၁ ရာခိုင်နှုန်းကျော်ကို ရောက်လာတယ်။ တစ်ခါအစိုးရအသုံးစရိတ်အနေနဲ့ ကျွန်မတို့ကြည့်လိုက်တဲ့အခါမှာကျတော့လည်း ၂၀၁၁-၂၀၁၂ မှာမှ အစိုးရအသုံးစရိတ်စုစုပေါင်းရဲ့ ၁.၁၄ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒီကနေပြီးတော့မှ ကျွန်မတို့တိုးတက်လာတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်ရောက်လာတဲ့အခါကျတော့ ၃.၅၄ ရာခိုင်နှုန်းကို ရလာတယ်။ ဒီကနေ နည်းနည်းတိုးတက်လာတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်ကိုရောက်လာတော့ ၃.၆၅ ရာခိုင်နှုန်းနဲ့ အခုကျွန်မတို့ ဒီနှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာမှ ၅.၁၆ ရာခိုင်နှုန်းနဲ့ ဒီနိုင်ငံမှာ အများဆုံးကျန်းမာရေးဘတ်ဂျက်ကို ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုတိုးတက်လာပေမဲ့လည်း ကဏ္ဍတစ်ရပ်လုံးကို မြှင့်တင်ပေးဖို့ဆိုလို့ရှိရင်တော့ ဒါသည် အလွန်အင်မတန်ပဲ ကျွန်မတို့ အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့အတွက်ဆိုရင်တော့ ကျန်းမာရေးဘတ်ဂျက်သည် အင်မတန်မှ ခရာကျတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတယ်ဆိုပါကြောင်းကိုလည်း ဒုတိယအချက်အနေနဲ့ ဖြည့်စွက်လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မထပ်မံဆွေးနွေးလိုတာကတော့ ကျွန်မတို့ ဒီနေ့ဆွေးနွေးနေတဲ့အကြောင်းအရာဟာ ကျန်းမာရေးဝန်ကြီးဌာနတစ်ရပ်လုံးရဲ့ မူဝါဒအပြောင်းအလဲရေးရာကိစ္စကို ကျွန်မတို့က ဆွေးနွေးနေတာတော့မဟုတ်ပါဘူး။ ကျွန်မတို့ ဒါဝန်ကြီးဌာနရဲ့ ဦးစီးဌာနအောက်မှာရှိတဲ့ဝန်ထမ်းများအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ပေးရန် တစ်နည်းအားဖြင့် ဒါဌာနတွင်းပြုပြင်ပြောင်းလဲရေးကိစ္စကို ကျွန်မတို့က စိတ်ဝင်စားစွာ ဆွေးနွေးနေကြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ ဌာနတွင်းပြုပြင်ပြောင်းလဲရေးကိစ္စတွေအတွက်ဆိုလို့ရှိရင် အကောင်းဆုံးဖြေရှင်းပြသွားတဲ့ဥပမာဟာ ဒီအစိုးရလက်ထက်မှာပဲ မကြာခင်ကရှိခဲ့တာဖြစ်ပါတယ်။ အဲဒါကတော့ ဘာလည်းဆိုတော့ ဌာနတွင်းပြုပြင်

ပြောင်းလဲရေးအတွက် ဆန္ဒပြတောင်းဆိုတဲ့ သူနာပြုဆရာမလေးများရဲ့တောင်းဆိုမှုကို ကျွန်မတို့ ဒီတာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့မှ တိုက်ရိုက်တွေ့ဆုံခြင်းအားဖြင့် အကောင်းဆုံး ဖြေရှင်းပြတဲ့ဂုဏ်ယူဖွယ်ရာနမူနာတစ်ရပ်ဟာ မကြာခင်ကပဲရှိခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒီဥပမာကောင်းကို နည်းနာယူပြီးတော့ ဝန်ထမ်းများအတွက် ဌာနတွင်းပြုပြင်ပြောင်းလဲ ရေးကိစ္စများ လုပ်ရန်အတွက်ဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကာယကံရှင်ဝန်ထမ်းအစုအဖွဲ့တို့ တိုက်ရိုက်တွေ့ဆုံတဲ့နည်းလမ်းကိုတော့ ကျွန်မကပိုမိုတိုက်တွန်းချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုတိုက်ရိုက်တွေ့ဆုံမှသာလျှင် လိုအပ်ချက်တွေမြောက်မြားစွာထဲက ဘယ်လိုအပ်ချက်က အရင်ဆုံး လုပ်ပေးရမယ်ဆိုတာကို ကာယကံရှင်ဝန်ထမ်းအစုအဖွဲ့ကသာ ချက်ချင်းအဖြေပြန်ပြောနိုင်မှာဖြစ်သလို ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းနိုင်မယ်ဆိုတာကလည်း တစ်ခါတည်းအဖြေထွက်လာမှာဖြစ်တဲ့အတွက် ကျွန်မက တတိယအချက်အနေနဲ့ ဖြည့်စွက်အကြံပြုရခြင်းဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဆက်လက်ဆွေးနွေးချင်တာကတော့ အခုဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လည်း အမျိုးသားကျန်းမာရေးစီမံကိန်းကို ကိုယ့်ရဲ့မိမိအစုအဖွဲ့ကဝန်ထမ်းအသီးသီးကို ရှင်းပြ နေတာတွေ မြင်ရပါတယ်။ ဒီနေရာမှာ တစ်စပ်တည်းလေးအကြံပေးချင်တာက ဘာလဲဆိုတော့ ဒီလိုမျိုး အမျိုးသားကျန်းမာရေးစီမံကိန်းရဲ့အဆင့်တွေကို ရှင်းပြတဲ့အခါမှာ အမျိုးသားကျန်းမာရေးစီမံကိန်းရဲ့ ဘယ်အဆင့်ကိုရောက်တဲ့အခါမှာတော့ မိမိတို့ဝန်ကြီးဌာနက ဝန်ထမ်းအစုအဖွဲ့အသီးသီးကို ဘယ်လိုမျိုးသက်တောင့်သက်သာဖြစ်မှုနဲ့ ဘယ်လိုမျိုးဖြည့်ဆည်းပေးနိုင်မယ်ဆိုတာတွေပါ တစ်ပါ တည်းထည့်သွင်းရှင်းပြရင်တော့ ပိုမိုပြည့်စုံကောင်းမွန်မယ်လို့ ကျွန်မက ထင်မြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုးကြိုသိထားမှသာ ဝန်ထမ်းတွေအနေနဲ့ မိမိတို့လုပ်ရမယ့်အလုပ်ပေါ်မှာ ပိုမိုစိတ်ပါဝင်စားမှု၊ ပိုမိုစိတ်အားထက်သန်မှုတွေ ရှိလာမှာဖြစ်ပြီးတော့ ဝန်ကြီးဌာနနှင့် ဝန်ထမ်းများ အကြား အပြန်အလှန်ယုံကြည်မှုနဲ့လေးစားချစ်ခင်စိတ်ဟာလည်း ခိုင်မြဲအမြစ်တွယ်လာမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီအခွင့်အရေးကို ဝန်ကြီးဌာနအနေနဲ့ လက်လွတ်မခံဘဲ အသုံးချပေးပါလို့ ကျွန်မက စတုတ္ထမြောက်အချက်အနေနဲ့ အကြံပြုဖြည့်စွက်အပ်ပါတယ်။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့ကတော့ ကျွန်မတို့နိုင်ငံဟာ ကျန်းမာရေးအဆောက်အအုံ၊ အဆောက်အဦတွေဖြစ်တဲ့ သက်မဲ့တွေကိုသာ အာရုံစိုက်ခဲ့ကြပြီးတော့ အခုမှ လူ့စွမ်းအားအရင်းအမြစ် တွေဖြစ်တဲ့ ဝန်ထမ်းတွေကို အာရုံစိုက်ပြီးတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးစနစ်ကို စတင်ပြီးတော့ အုတ်မြစ်ချရတာဟာ ဒီအစိုးရလက်ထက်မှာ စရတာဖြစ်ပါတယ်။ ကျွန်မတို့ တာထွက်ချိန်ဟာ မှန်ကန်

နေပြီဖြစ်တဲ့အတွက် ပန်းတိုင်ကိုတော့ အမှန်တကယ်ရောက်ချင်လှပါတယ်။ ဒါကြောင့်မို့လို့ သက်လုံကောင်းကောင်းနဲ့သွားရမယ့်အချိန်မှာ အသင်းနည်းပြဖြစ်သော၊ ခေါင်းဆောင်ဖြစ်သော လက်ရှိကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးဦးဆောင်မှုပေးရင်းနဲ့ လျှောက်လှမ်းပေးပါလို့ ပြောကြားရင်း ဒီအဆိုမှာ ပါဝင်ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုတင်သွင်းထားတဲ့ သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ထောက်ခံဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သူနာပြုတွေဟာ ကျွန်တော်တို့ဆရာဝန်များနည်းတူ အလေးပေးသင့်တဲ့ Professional Sister နဲ့ Brother လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမတွေဖြစ်ကြောင်း ရှေးဦးစွာပြောကြားလိုပါတယ်။ လုပ်ဖော်ကိုင်ဖက်လို့ဆိုလိုချင်တာကတော့ သူနာပြုမရှိဘဲ လူနာရဲ့ရောဂါပျောက်ဖို့ဆိုရင် ခေါင်းတစ်လုံးတည်းနဲ့ အိုးနှစ်လုံးကိုရွက်ရတာက ပိုလွယ်ပါလိမ့်မယ်။ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာ လူနာပြုစုကုသရေးမှာ လုပ်ကိုင်ဆောင်ရွက်ကြမှသာ ကုသမှုတွေအောင်မြင်ပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံမှာဖြစ်ပါတယ်။ သူနာပြုတွေဟာ ပညာရပ်ဆိုင်ရာမှာ ကျွန်တော်တို့ ဆရာဝန်တွေရဲ့လက်အောက်ခံမဟုတ်ပါဘူး။ တို့မတတ်သော သူနာပြုပညာကို တတ်မြောက်သူများဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး လေးလေးစားစားဆက်ဆံပြီး တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်မှသာလျှင် ကျွန်တော်တို့နိုင်ငံအတွက် သူနာပြုတွေရဲ့ အကြွင်နာပန်းတွေ၊ စေတနာပန်းတွေညှိုးနွမ်းနေရာမှ လန်းဆန်းလာမယ့်အနေအထားရှိနေကြောင်း ရှေးဦးစွာပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိသူနာပြုများရဲ့အခက်အခဲကို ချုံ့၍ပြောရမယ်ဆိုရင် လူနာနဲ့သူနာပြုအချိုးမညီမျှမှု၊ သူနာပြုအလုပ်မဟုတ်သောအလုပ်များကို ဆောင်ရွက်နေရမှုကြောင့် အဘက်ဘက်မှစိတ်ဖိစီးမှု၊ သင့်တင့်လျောက်ပတ်တဲ့လစာမရရှိမှု၊ ရာထူးတိုးကြန့်ကြာမှု၊ ပညာရေးအခွင့်အလမ်းနည်းပါးမှု အစရှိသဖြင့် ကြုံတွေ့နေရပါတယ်။ ဒါတွေကြောင့်လည်းပဲ သူနာပြုတွေအနေနဲ့ လုပ်ငန်းခွင်မှစွန့်ခွာထွက်ပြေးကြရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘွဲ့ရတစ်ယောက်

ရဲ့အရည်အချင်းနဲ့ထိုက်တန်တဲ့ အခွင့်အလမ်းတွေကိုလည်းပဲ သူနာပြုတွေဟာ မရရှိကြပါဘူး။ သူနာပြုများ လုပ်ငန်းခွင်သို့ဝင်ရောက်ခြင်းလျော့ကျနေမှုကို ကာကွယ်ရန်ရည်ရွယ်ပြီး သူနာပြုများရဲ့ ဘဝအခြေအနေကို နားလည်မှုမရှိဘဲ လိုအပ်ချက်များကို အခြေခံကျသောနည်းလမ်းများဖြင့် ရှာဖွေဖြေရှင်းပေးရမယ့်အစား သူနာပြုသားဖွားလိုင်စင်ကိစ္စကို ထုတ်မပေးတဲ့အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့တာကိုလည်း သူတို့ခံစားခဲ့ရပါတယ်။ ဒီအဖြစ်အပျက်မှာတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အလေးထားဆောင်ရွက်ခဲ့တာကို အသိအမှတ်ပြုပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ ကျောင်းပြီးလျှင်ပြီးချင်း သူနာပြုသားဖွားလိုင်စင်ကို လက်ဝယ်ကိုင်ဆောင်ခွင့်ရသင့်ကြောင်းတော့ အကြံပေးလိုပါတယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ်မတိုင်ခင် ကျောင်းပြီးထားတဲ့ကျောင်းသားတွေကို ၎င်းတို့ချုပ်ဆိုထားပြီးသော စာချုပ်ပါအတိုင်းဆောင်ရွက်ပေးပြီး ၂၀၁၈ ခုနှစ်မှာစတင်ပြီး ဘွဲ့ရရှိမည့် ကျောင်းသားများအား လိုင်စင်ချက်ချင်းထုတ်ပေးရန် အကြံပြုတိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာထူးတိုးပုံစံများအရ သူနာပြုတွေရာထူးတိုးရာမှာ လုပ်သက်ကိုသာ အဓိကအလေးပေးထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အရည်အသွေးကိုအာမခံနိုင်တဲ့ သူနာပြုများ ပေါ်ထွန်းလာရန်မှာ လွန်စွာခက်ခဲပါတယ်။ ရာထူးအဆင့်အလိုက် လုပ်ခလစာခံစားခွင့်သည်လည်း Trained Nurse နှင့် Blue Staff ဟာ၂၀၀၀ ကျပ်သာကွာပြီး Blue Staff နှင့် Sister ကတော့ ၁၁၀၀၀ ကျပ်သာ ကွာခြားနေတာကိုကြည့်လိုက်ရင် သူနာပြုတွေရဲ့လုပ်ခလစာဟာ မက်လုံးတစ်ခုအနေနဲ့မရှိပါဘူး။ တစ်ခါ University of Medical Technology နဲ့ University of Community Health ကျောင်းဆင်းတစ်ယောက်ရဲ့ လုပ်ငန်းခွင်သင်တန်းပြီးတဲ့အခါမှာ လစာ ၁၈၀၀၀ ကျပ်ရရှိနေချိန်မှာ သူနာပြုတွေအနေနဲ့ကတော့ လုပ်သက် ၁၀ နှစ်ရှိမှ Sister ရဲ့လစာဟာ အဲဒါကို မီနေတာဖြစ်ပါတယ်။ အခြားဆေးဘက်ဆိုင်ရာတက္ကသိုလ်တွေက ကျောင်းဆင်းတစ်ယောက်ရဲ့ လစာလောက် ကျောင်းဆင်းပြီးပြီးချင်း သူနာပြုတွေမရရှိတာကိုကြည့်လိုက်ရင် သူနာပြုများအပေါ် ခွဲခြားဆက်ဆံတာဟာ တရားတယ်လို့ပြောရမှာလို၊ လက်ခံရမလိုဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လစာခံစားမှု အပိုစုဆောင်းချီးမြှင့်ငွေတွေအပြင် အလုပ်တာဝန်များ သတ်သတ်မှတ်မှတ်ရှိအောင် စီမံနိုင်မယ်ဆိုရင် သူနာပြုတွေဟာ ဂုဏ်သိက္ခာအရသာမက ဘဝရပ်တည်ရေးအတွက်လည်း အာမခံချက်များရှိလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ ဆက်လက်ဆွေးနွေးခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့အမျိုးသားအစိုးရသူနာပြုများအတွက် ဖြစ်သလိုနေရထိုင်ရတဲ့အခြေအနေကိုပြထားတဲ့

ပုံပဲဖြစ်ပါတယ်။ ပုံမှန်မိသားစုနေထိုင်နိုင်တဲ့အကျယ်အဝန်းရှိတဲ့အခန်းပါ။ ၁၀ ယောက်နေရတဲ့အခြေအနေဖြစ်ပါတယ်။ မိုးတွင်းမှာပင်လှေကားတွေက စိတ်မချရပါဘူး။ အိမ်သာတစ်လုံး၊ ရေချိုးခန်းတစ်ခုပဲရှိတာကို တွေ့ရပါတယ်။ လေဝင်၊ လေထွက်တွေကလည်း မကောင်းကြောင်း တွေ့ရပါတယ်။ ထူးခြားပြီး သူနာပြုတွေအတွက်စိတ်ပျက်ရတဲ့အချက်ကတော့ အမျိုးသားအိမ်ထောင်သည်သူနာပြုတွေဟာ ဝန်ထမ်းအိမ်ရာရရှိခွင့်မရှိပါဘူး။ အပြင်မှာငှားနေရပါတယ်။ ဒါကြောင့်မို့လို့ အိမ်ငှားခနဲ့ပဲလစာကုန်သွားပြီးတော့ စားရေး၊ ဝတ်ရေးအတွက် လုံလောက်မှုမရှိတာကို ကြုံတွေ့နေကြခြင်းဟာလည်း တိုင်းပြည်ကငွေအကုန်အကျခံမွေးထုတ်ရတဲ့ သူနာပြုတွေစိတ်ပျက်ပြီး လုပ်ငန်းခွင်ကိုစွန့်ခွာဖို့ တွန်းအားပေးနေတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဒါတွေကိုပြုပြင်ဖို့ သူနာပြုများကို ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဖက် Professional များအဖြစ် လေးစားမြှင့်တင်ဖို့ အဖနှင့်တူသော နိုင်ငံတော်အစိုးရ၊ အမိနှင့်တူသော ကျန်းမာရေးဝန်ကြီးဌာနမှတစ်ပါး အခြားမရှိတာကြောင့် ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြတဲ့ဧည့်သည်တော်ကြီးများအားလုံး စိတ်ချမ်းသာပြီး ကိုယ်ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ဆေးရုံတွေမှာ သူနာပြုတွေ တွေ့ကြုံခံစားနေကြတဲ့ လက်တွေ့အဖြစ်အပျက်တွေနဲ့ လေ့လာပြီးတော့ ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အချက်ခုနစ်ချက်နဲ့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူနာပြုသင်တန်းဝင်ခွင့်နှင့်ပတ်သက်ပြီးတော့ စောစောက ကျွန်တော်တို့ကိုယ်စားလှယ်တွေလည်း ဆွေးနွေးပြီးပါပြီ။ သင်တန်းဝင်ခွင့်ပြုတဲ့နေရာမှာ တက္ကသိုလ်ဝင်တန်းရမှတ်တွေထက် ရည်ရွယ်ချက်၊ စိတ်နေသဘောထားနဲ့ ခံယူချက်တို့ကို အဓိကထားသင့်ပါတယ်။ သူနာပြု

တွေရဲ့ လုပ်ငန်းသဘောသဘာဝအရ ဆွေမျိုးရင်းချာတွေတောင်မလုပ်နိုင်တဲ့ လူနာရဲ့အညစ်အကြေး သန့်စင်ရတယ်။ ကျွန်တော်တို့ လက်ရှိနိုင်ငံရဲ့အခြေအနေအရ ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ဖြစ်ပေါ်နေတဲ့ အများသူငါ နားနေရက်တွေမှာ အနားမယူရဘူး။ အသက်အန္တရာယ်ရှိတဲ့ ရောဂါပိုးမွှား မြောက်မြားစွာကြားထဲမှာ လူနာအတွက် ကိုယ့်အသက်ကိုပေးထားရတယ်ဆိုတဲ့ ဒီလိုသဘာဝတွေ ကြောင့် သင်တန်းတက်မယ်လို့ရည်ရွယ်မယ်ဆိုလို့ရှိရင် ဒီအချက်တွေကို သဘောပေါက်ပြီးတော့ သင်တန်းရွေးချယ်တာမျိုး ပိုပြီးတော့ ဦးစားပေးသင့်ပါတယ်။

သူနာပြုများခံစားနေကြတဲ့လစာကိုကြည့်ရင် အခုနက ကိုယ်စားလှယ်တွေ ဆွေးနွေးသွား သလိုပါပဲ။ လစာတွေက ရာထူးအဆင့်အတန်းမတူပေမဲ့ လစာတွေတူနေကြတယ်။ ဒါဟာလည်း မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ရာထူးအဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသင့်သလို ရာထူးအဆင့် နဲ့လျော်ညီတဲ့ ခံစားခွင့်တွေလည်း ရှိသင့်ပါတယ်ခင်ဗျား။ ရာထူးတိုး၊ အဆင့်တိုးမြှင့်ပေးခြင်းဆိုင်ရာ ကိစ္စတွေမှာ Sister (အစိမ်းဝတ်သူနာပြုဆရာမကြီး)အနေနဲ့ လုပ်သက် ၂၀ လောက်ရှိပေမဲ့ ပြန်တမ်း ဝင်အရာရှိမဖြစ်ဘူး။ ဒါပေမဲ့ တခြား Professional ဝန်ထမ်းတွေအနေနဲ့ ဘွဲ့တစ်ခုတည်းနဲ့ လုပ်သက် အနည်းငယ်အတွင်းမှာ Officer ဖြစ်နိုင်တယ်။ ရာထူးတိုးခေါ်ဆိုတဲ့နေရာမှာ လုပ်သက်ကန့်သတ်ချက် တွေ တစ်သမတ်တည်းရှိသင့်တယ်။ ရာထူးတိုးခေါ်ဖို့အတွက်က နှစ်ပရိစ္ဆေဒ များစွာစောင့်ရတာ ကလည်း ဒါ ဝန်ထမ်းတွေအတွက် စိတ်ပျက်စရာဖြစ်တယ်။

နောက်တစ်ခါ အရည်အချင်းမပြည့်ပေမဲ့ ရာထူးတိုးတာမျိုး၊ ပြည့်ပြီးတော့ ရာထူးမတိုးတာမျိုး အုပ်ချုပ်ရေးပိုင်းရာထူးတာဝန်တွေမှာ လူမှန်၊ နေရာမှန်မရှိတဲ့အတွက် တခြားသော Professional တွေ ဝင်ရောက်စွက်ဖက်တယ်။ အားနည်းချက်တွေကို ထောက်ပြအပြစ်ရှာတဲ့အခါမှာ သူနာပြုတွေအတွက် စိတ်ဓာတ်ကျစရာတွေဖြစ်လာပါတယ်။ Nursing Superintendent လို့ခေါ်တဲ့ သူနာပြုအုပ်ကြီး ရာထူးအတွက်က BNSc ဘွဲ့ရတဲ့ Matron သူနာပြုထဲက ရွေးချယ်တာ ပိုပြီးတော့ သင့်တယ်လို့ ထင်ပါတယ်။ ဘွဲ့တစ်ခုမှမရဘဲနဲ့ ဒီနေရာကိုခန့်ထားတာကျတော့ သူနာပြုလောကအတွက် မျှော်လင့်ချက်တွေ ပျက်ပြားသွားနိုင်ပါတယ်။ ရာထူးတိုးရွေးချယ်တဲ့နေရာမှာ သင်ကြားရေး၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာ ရေးဆိုပြီးတော့ ခွဲခြားပြီးတော့ ရွေးသင့်ပါတယ်။ Clinical သူနာပြုနဲ့ Teaching သူနာပြုတွေ ရာထူးတိုးဖြေတဲ့အခါမှာလည်း အခွင့်အရေးတန်းတူရသင့်ပါတယ်။ သူနာပြုများရဲ့ နေရာထိုင်ခင်းကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခရမ်းမြို့နယ်ဆေးရုံမှာဆိုလို့ရှိရင် ဟိုးလွန်ခဲ့တဲ့နှစ် ၁၀၀ လောက်ကဆောက်ခဲ့တဲ့ ရှေးဟောင်းအဆောက်အဦကြီးတွေမှာ ဝန်ထမ်းတွေ

နေရတယ်။ ဆရာဝန်လည်း အဲဒီအထဲမှာပဲ နေရပါတယ်။ ဝန်ထမ်းတွေမလုံမခြုံနဲ့ လေဝင်၊ လေထွက် မကောင်းတဲ့၊ ကျန်းမာရေးနှင့်မညီတဲ့ အခန်းလေးတွေမှာနေရတယ်။

ရန်ကုန်က JICA မှာဆိုလို့ရှိရင် အရင်သူနာပြုအဆောင်ကို အခုဝန်ထမ်းအိမ်ရာ အဖြစ်သတ်မှတ်လိုက်ပြီးတော့ သူနာပြုလေးယောက်တစ်ခန်းနေရတယ်။ တခြားဝန်ထမ်းတွေ တစ်ယောက်တစ်ခန်းနေကြတယ်။ သူနာပြုငယ်တွေက အပြင်မှာငှားနေရတယ်။ ဖျာတစ်ချပ်စာကို ၃၅၀၀၀၊ ၄၀၀၀၀ ပေးရတယ်။ သူနာပြုမဟုတ်တဲ့တခြားဝန်ထမ်းတွေက ကိုယ့်အခန်းကိုမနေဘဲနဲ့ အခန်းယူထားကြတယ်။ ဒါဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ သူနာပြုဆောင်ဖြစ်ပါတယ်။ ဒီမှာ ပြတင်းတံခါးတစ်ချပ်ပွင့်နေတာ ဒါအမြဲမပွင့်ပါဘူး။ ဒါအမြဲပိတ်ထားရတဲ့နေရာပါ။ အဲဒီလို ပြတင်းတံခါး ဖွင့်ထားမယ်ဆိုလို့ရှိရင် ဒီလိုလာပြီးတော့ထားတဲ့ လမ်းဘေးဈေးသည်တွေကနေပြီးတော့ သူနာပြု အဆောင်ဘေးမှာ ပစ္စည်းတွေလာထားရင်းနဲ့ ပြတင်းတံခါးဖွင့်တာနဲ့ နောက်ကြ၊ ပြောင်ကြ၊ အော်ကြ ဟစ်ကြနဲ့ဆိုရင် သူနာပြုတွေအတွက် မလုံမခြုံဖြစ်ရပါတယ်။ စိတ်မသက်မသာဖြစ်ရပါတယ်။ သူနာပြု တွေရဲ့လုပ်ငန်းတာဝန်တွေနဲ့ လူနာတွေရဲ့ကျန်းမာရေးကိစ္စတွေအပြင် အစားအသောက်ဝေယျာဝစ္စ ကိစ္စတွေ၊ ဆေးရုံ၊ လျှပ်စစ်၊ မီးကိစ္စ၊ ရေပိုက်ကိစ္စ၊ အဆောက်အဦပြင်ဆင်တဲ့ကိစ္စတွေပါ အချိန်ပေး နေရတဲ့အတွက် မူရင်းအလုပ်တာဝန်တွေပါ ပျက်ပြားသွားနိုင်ပါတယ်။ လူနာနှင့် လူနာစောင့်တွေ ကိစ္စမှာ ဝန်ထမ်းတွေမလုံလောက်မှု၊ ကိုယ့်တာဝန်အပြင်ကိုမသက်ဆိုင်တဲ့ တခြားတာဝန်တွေလုပ်နေရ တဲ့အတွက် တစ်ခါတစ်ရံမှာ လူသားရဲ့သဘောသဘာဝအရ ဆက်ဆံရေးမပြေပြစ်တာမျိုးရှိတဲ့အခါမှာ အထက်အရာရှိရဲ့ လူနာရဲ့ဆွေမျိုးသားချင်းများရဲ့ရိုင်းပျစွာတုံ့ပြန်တာတွေဟာ သူနာပြုလောကကို ခြိမ်းခြောက်နေတဲ့တစ္ဆေတွေဖြစ်ပါတယ်။

ဒီနေရာမှာ သူနာပြုလောကအတွင်းမှာ ရာထူးတာဝန်တွေရှုပ်ထွေးသွားစေတဲ့ ဆင်တူရိုးမှား ဝန်ထမ်းကိစ္စတွေကို ပြန်ပြီးတော့ စနစ်တကျစိစစ်သင့်ပါတယ်။ နောက်တစ်ခါ ဂုဏ်ပြုချီးမြှင့်အသိ အမှတ်ပြုခြင်းကိစ္စဖြစ်ပါတယ်။ ဒီနေရာမှာ သူနာပြုတွေအပြင်ကို တခြားသော နိုင်ငံ့ဝန်ထမ်းတွေအတွက် ဖြစ်နိုင်ခြေရှိတဲ့ မျှော်လင့်ချက်ရောင်ခြည်တစ်ခုအနေနဲ့ ဟိုးတစ်ခါတုန်းက ထူးချွန်ဝန်ထမ်းတွေကို အသိအမှတ်ပြုချီးမြှင့်ပေးခဲ့တဲ့ စံပြလုပ်သားကောင်းတို့၊ ဆိုရှယ်လစ်လုပ်သားကောင်းတို့ကဲ့သို့သော ဘွဲ့တံဆိပ်တွေ၊ အပန်းဖြေလေ့လာရေးခရီးတွေ၊ နိုင်ငံခြားပညာတော်သင်ကိစ္စတွေကို လုပ်ပေးမယ် ဆိုလို့ရှိရင် ဝန်ထမ်းတွေအတွက်မျှော်လင့်ချက်ပြန်ဖြစ်နိုင်တယ်။ စိတ်ဓာတ်မြင့်မားနိုင်တယ်။ အလုပ် ခွင်မှာ ပျော်ရွှင်စွာနဲ့တာဝန်ထမ်းဆောင်လာနိုင်တယ်။ လုပ်ငန်းစွမ်းဆောင်ရည်ပိုပြီးတော့ တိုးတက်လာ

နိုင်တယ်။ ဒီနေရာမှာ အိမ်နီးချင်းအာရှနိုင်ငံတစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံရဲ့သူနာပြုလောကထဲကို ကြည့်မယ်ဆိုလို့ရှိရင် စင်ကာပူနိုင်ငံမှာ သူနာပြုအဆင့်လေးဆင့်ရှိပါတယ်။ Staff 1 ၊ Staff 2 ၊ Senior Step နှင့် Sister ဆိုပြီးတော့ အဆင့်လေးဆင့်ရှိပါတယ်။ အဲဒီအဆင့်လေးဆင့်စလုံးဟာ ရာထူးအဆင့်အလိုက် တာဝန်ယူမှုတာဝန်ခံမှုရှိသလို ရာထူးအဆင့်အတန်းနဲ့ လျော်ညီတဲ့ခံစားခွင့်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဂုဏ်သိက္ခာအရ ဘဝရပ်တည်ရေးအတွက်ပါ အာမခံချက်တွေရှိပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော်ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းဆိုင်ရာ လောကကြီးတစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်တဲ့ လူသားအရင်းအမြစ်အခြေခံတွေဖြစ်တဲ့ သူနာပြုများရဲ့ဘဝကို ကိုယ်ချင်းစာတရားနဲ့ပြောင်းလဲမြှင့်တင်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့ တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပြီး ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကိုလေ့လာတဲ့အခါမှာ နိုင်ငံတော်ရဲ့ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးရန်လို့ဆိုထားပြီး အဲဒီလိုမြှင့်တင်တဲ့နေရာမှာ ပြည်သူလူထုကျန်းမာရေးအတွက် အဓိကအရေးပါလှတဲ့ သူနာပြုလောကကို ပြုပြင်ပြောင်းလဲမြှင့်တင်ပေးဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါဆိုရင် သူနာပြုလောကမှာ ဘာတွေဖြစ်နေတာလဲဆိုတာကို သေချာဆန်းစစ်ဖို့လိုအပ်လှပါတယ်။ သူနာပြုအတတ်ပညာဆိုတာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လိုအပ်သောလူမှုရေးဆိုင်ရာ ပြုစုမှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိတဲ့အတတ်ပညာလို့ဆိုလိုခဲ့ပါတယ်။ အဲဒီမှာ ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနဲ့ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာပညာရပ်များလည်း

ပါဝင်တယ်လို့ မြန်မာနိုင်ငံသူနာပြုနဲ့သားဖွားကောင်စီဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရပါတယ်။

ဒါ့ကြောင့် သူနာပြုပညာရပ်ဟာ မကျန်းမာတဲ့သူတွေအတွက်သာမက ကျန်းမာတဲ့သူတွေအတွက်ပါ အကျိုးဝင်တဲ့အတွက် လူသားအားလုံးအတွက် အရေးကြီးလိုအပ်တဲ့ပညာရပ်ဖြစ်တယ်ဆိုတာတွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် သူနာပြုတွေဟာ ကျွန်တော်တို့လူသားတွေအတွက် အရေးပါလှတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ပါတယ်။ သူနာပြုအတတ်ပညာဟာ သင်ယူတတ်မြောက်ပြီးတဲ့လူတိုင်းဟာ လိုက်နာကျင့်သုံးရတဲ့ သူနာပြုသစ္စာဓိဋ္ဌာန် ရှစ်ရပ်ဆိုတာ တွေ့ရပါတယ်။ အဲဒါတွေကတော့ (၁) လူသားအားလုံးရဲ့ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်တို့အရေးကဲ့သို့ယူဆပါအံ့။ (၂) ကျွန်ုပ်တို့သည် သူနာပြု၏ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး အကျင့်စာရိတ္တပျက်ပြားမှုမှရှောင်ကျဉ်ပါအံ့။ (၃) ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဂီလာနပုဂ္ဂိုလ်များအား အမျိုးဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲပြုစုပါအံ့။ (၄) လူသားတို့ရဲ့အသက်အန္တရာယ်နဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့မည်သည့်အပြုအမူမျိုးကိုမဆို တားဆီးကာကွယ်ပါအံ့။ (၅) လူနာ၏ဝေဒနာ သက်သာမှုနှင့်ကျန်းမာရေးတိုးတက်မြင့်မားလာစေရန် အခြားကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါအံ့။ (၆) လူနာ၏ဂုဏ်သိက္ခာနှင့်ကိုးကွယ်ယုံကြည်မှုကို အစဉ်လေးစားပါအံ့။ (၇) လူနာ၏အတွင်းရေးကိစ္စကို ပြောဆိုသင့်သည့်အချက်မှအပ လျှို့ဝှက်ချက်အနေနဲ့ စောင့်ထိန်းပါအံ့။ (၈) သူနာပြုများ လိုက်နာရမည့်ကျင့်ဝတ်များကိုစောင့်ထိန်း၍ သူနာပြုအချင်းချင်း ထာဝစဉ်စည်းလုံးညီညွတ်ရန် အမြဲတစေဆောင်ရွက်ပါအံ့ဆိုပြီး ၎င်းရှစ်ရပ်ကို အမြဲနှလုံးသွင်းပြီး ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ သူနာပြုများရဲ့လက်တွေ့လုပ်ငန်းခွင်မှာ ဝန်ထမ်းအင်အားလုံလောက်မှုမရှိတဲ့အတွက် ဆေးစာရင်းများပြုစုနေရတာတွေ၊ သန့်ရှင်းရေးလုပ်ငန်းတွေမှာ ကြီးကြပ်နေရတာတွေ၊ လုပ်ငန်းခွင်လုံခြုံရေးတွေဆောင်ရွက်နေရတာတွေ ဒါတွေဟာ သူနာပြု၊ သားဖွားတွေရဲ့ အမြဲတမ်းလုပ်ရမယ့်အလုပ်တွေလိုလုပ်နေတာ တွေ့ရပါတယ်။ နောက်တစ်ခုက လုပ်ငန်းခွင်မှာ စိတ်ပျက်လာရတဲ့ကိစ္စပဲဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ ဆေးရုံအုပ်၊ အထူးကု၊ သူနာပြုအုပ်တွေကြားမှာ ဟန်ချက်ညီညီဆောင်ရွက်နေပါလျက် လစာကမလုံလောက်၊ နေစရာအဆောင်ကမရ၊ အိမ်ငှားခတွေက စျေးကြီး။ ဒီကြားထဲ မိသားစုကိစ္စကလေးရှိလို့ ခွင့်တောင်းပြန်ရင်လည်း အလွယ်တကူခွင့်ကမရ။ ရာထူးတိုးဖြေဖို့အခွင့်အရေးကိုကြည့်ပြန်ရင်လည်း ရဖို့ကခက်ခဲ။ ဒီ့အပြင် အများပြည်သူပျော်ပွဲ၊ ရှင်ပွဲ၊ အခါကြီးရက်ကြီးတွေမှာလည်း ရုံးပိတ်ရက်မရတဲ့အတွက် သူတို့တွေရဲ့မိသားစုအတွင်းမှာ စိတ်ဖိစီးမှုတွေ

ဖြစ်ပေါ်ကာ လုပ်ငန်းခွင်ကို စိတ်ပျက်လာကြပါတယ်။ တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၆၈ မှာ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲနဲ့ ယင်းတို့ရဲ့ပညာအရည်အချင်းအလိုက် ချီးမြှင့်ထောက်ပံ့ပေးအပ်မည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) ပုဒ်မ ၁၁ ပုဒ်မခွဲ(ဆ)မှာဆိုရင်လည်း ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိတဲ့အတွက် သူနာပြုလောကမှာလုပ်နေတဲ့ ထူးချွန်သူ၊ ကြိုးစားသူတွေကိုချီးမြှင့်မြှောက်စားသင့်ပါတယ်။ အမှန်တကယ်တော့ သူနာပြုသားဖွားပညာတတ်မြောက်သူတွေဟာ အတ္တဟိတသမားများမဟုတ်ဘဲ ပရဟိတသမားများဖြစ်တဲ့အတွက် မြင့်မြတ်သောနှလုံးသားပိုင်ရှင်များသာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ သူနာပြုလောကကို ပြုပြင်ပြောင်းလဲရန်ပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ဖြစ် ဆောင်ရွက်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံ သူနာပြုနဲ့သားဖွားကောင်စီမှာ များစွာတာဝန်ရှိလှပါတယ်။

ဒါကြောင့်လည်း ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက သူနာပြုနဲ့သားဖွားကောင်စီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ဆွေးနွေးသွားပါတယ်။ သို့သော်လည်းပဲ ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံသူနာပြုနဲ့သားဖွားကောင်စီဥပဒေ အခန်း(၃) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)အရ ကောင်စီရဲ့သက်တမ်းဟာ စတင်ဖွဲ့စည်းတဲ့အချိန်မှစ၍ တစ်ကြိမ်လျှင် လေးနှစ်ဖြစ်ရမယ်လို့ပြဋ္ဌာန်းထားတဲ့အတွက် ပြန်လည်ဖွဲ့စည်းဖို့ကတော့ မဖြစ်နိုင်ဘူးဖြစ်ပါတယ်။ အဲဒီဥပဒေအပိုဒ် ၁၀၊ အပိုဒ် ၁၁ အရ ကောင်စီဝင်လစ်လပ်လို့ရှိရင် ဖြည့်သွင်းအစားထိုးလို့ရသလို၊ အပိုဒ် ၁၂ အရ အပိုဒ်ခွဲ(က)ကနေ(စ)အထိ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာလို့ရှိရင်လည်း ကောင်စီဝင်တာဝန်အဖြစ်မှ ရပ်စဲနိုင်ကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်ရဲ့ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးမယ်ဆိုပါက သူနာပြုနှင့် သားဖွားကောင်စီနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးရန်နှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်အနေနဲ့က ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတဲ့ Point တွေက အရည်အသွေးလည်း မြင့်မားပါတယ်။ အမြော်အမြင်လည်းကြီးပါတယ်။ စေတနာလည်း တော်တော်ပါပါတယ်။ ဒီဆွေးနွေးချက်တွေကို ကျွန်တော်တို့က အကုန်လုံး Seriously သေသေချာချာ မှတ်သားထားပါတယ်။ အဲဒီကနေ ကျွန်တော်ဆက်လုပ်ပါမယ်။ နောက်တစ်ချက်က ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့က နှစ်ချက်ရှိပါတယ်။ တချို့ဟာတွေက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ Authority နဲ့လုပ်လို့ရတာတွေရှိပါတယ်။ တချို့ဟာတွေက ကျွန်တော်တို့နဲ့ မရပါဘူး။ ဆက်လက်ပြီးတင်တာတွေရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ Authority နဲ့လုပ်လို့ရတာတွေ အကုန်လုံးလုပ်ပေးမယ်။ ဒါသူနာပြု သားဖွားတင်မကပါဘူး။ ခုနက ဓာတ်ခွဲ၊ ဓာတ်မှန်၊ ကျွမ်းကျင်အကုန်လုံး ဆရာဝန်ကအစ အားလုံးကို ကျွန်တော်တို့ အခုလုပ်နေပါတယ်။ ကျွန်တော်တို့ လုပ်လို့ရသလောက် ဘယ်လောက် ကျွန်တော်တို့ ဝန်ထမ်းတွေကို ပေးနိုင်မလဲ။ သို့မှသာ ဝန်ထမ်းတွေက အလုပ်တွေပိုလုပ်မှာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ လုံးဝလုပ်နေပါတယ်။ ခုနက ဒီမှာပြတဲ့ဓာတ်ပုံတွေမှာကြည့်ရင် ဓာတ်ပုံတွေကို မမြင်စေချင်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကျန်းမာရေးဘတ်ဂျက်ကို နှစ်ဆတိုးလိုက်ရင် ဒါတွေကအားလုံးပျောက်သွားမှာပါ။ ဆိုလိုတာကတော့ ကျွန်တော်တို့ ရှိတဲ့ပိုက်ဆံကို ချွေချွေတာတာနဲ့ သုံးနေရပါတယ်။ သုံးသင့်တဲ့နေရာမှာ သုံးပါတယ်။ မသုံးသင့်တဲ့ရင် မသုံးပါဘူး။ ဒါပထမဆုံး ကျွန်တော် ပြောလိုပါတယ်။ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ဒီသူနာပြုဒီပလိုမာနှင့် တစ်ချက်ချင်းဖြေသွားပါမယ်။ အချိန်က နည်းနည်းငါးမိနစ်ထက်ကျော်မှာ ဖြစ်ပါတယ်။

Power Point လေးချပ်ကိုလည်း အသုံးပြုခွင့်ပေးရန်မေတ္တာရပ်ပါတယ်။ သူနာပြုဒီပလိုမာနှင့် သူနာပြုသိပ္ပံ လူငယ်များကို AGT၊ BE ဝင်ခွင့်ရမှတ်နဲ့ နှိုင်းယှဉ်ပြထားတာနဲ့ပတ်သက်ပြီးတော့

မှန်ပါတယ်။ သူနာပြု BNSc ပေါ့( Bachelor of Nursing Science) အမှတ်မြင့်တာမှန်ပါတယ်။ လက်ရှိဝင်ခွင့်မူအရဆိုလို့ရှိရင် သူနာပြုသိပ္ပံဘွဲ့(BNSc)ကို အခြေခံအထက်တန်းအောင်မြင်သည့်နှစ် ဒီနှစ်မှာပဲ ဝင်လို့ရပါတယ်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ်အတိုင်း အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ပြီး သိပ္ပံဘာသာတွဲနှင့်အောင်မြင်ပြီး အမှတ်မြင့်၍ သူနာပြုစုမှုကို ဝါသနာပါသူများတက်ရောက်ရန် ရည်ရွယ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဒီမှာ ပြောနေတဲ့ သူနာပြုသားဖွားသုံးနှစ်ဒီပလိုမာကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တက်ခွင့် ရပြီး ၎င်းဒေသများမှာ တာဝန်ချထားရန် ရည်ရွယ်ပြီးဖွင့်လှစ်တာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် များရဲ့ ခက်ခဲတဲ့ဒေသမှာရှိတဲ့ ကျောင်းသူကျောင်းသားများအတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာဆည်းပူးနိုင်ပြီး မိမိဒေသတွင် လုပ်ငန်းခွင်စွဲမြဲအောင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်တာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာသုံးခုပေါင်းပေါ်မူတည်ပြီး ရွေးချယ် တာဖြစ်ပါတယ်။ ဝိဇ္ဇာတွဲရော၊ သင်္ချာတွဲပါဝင်ခွင့်ရပါတယ်။ အသက်အားဖြင့်လည်း ကျွန်တော်တို့ (၁၆)နှစ်ကနေ (၂၅)နှစ်ထိ သတ်မှတ်ထားပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဒီနှစ်ခုဖွင့်တဲ့ ရည်ရွယ်ချက်ကမတူပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ဝင်ခွင့်ကိုတော့ ဒီအတိုင်းပဲဆက်ပြီးထားပြီး လုပ်ဖို့ရှိပါတယ်။

သူနာပြုသားဖွား သုံးနှစ်ဒီပလိုမာရသူများအနေနဲ့လည်း လုပ်သက်(၃)နှစ်ပြည့်ပြီးရင် လစာ အပြည့်အနေနဲ့ ပေါင်းကူး(BNSc Bridge Course) နှစ်နှစ်သင်တန်းတက်ပြီးတော့ BNSc ဘွဲ့ကို ရမှာဖြစ်ပါတယ်။ ဒီသူနာပြုသိပ္ပံပုံမှန် လေးနှစ်သင်တန်းပေါ့။ BNSc လေးနှစ်ကတော့ ကျောင်းလခ ၈၀၀ နဲ့ကျွန်တော်တို့ သင်တန်းတွေတက်နေပါတယ်။ နောက်တစ်ခုဖြစ်တဲ့ ရာထူးတိုးအခွင့်အရေး အတွက် လုပ်သက်ကန့်သတ်ချက် ဒီပလိုမာနှင့် BNSc ဘွဲ့ကို ရာထူးလုပ်သက်တစ်နှစ်ပဲ ကွာခြားခြင်း၊ Staff Nurse ကနေ Sister ဖြေဆိုခွင့်၊ Sister မှ Matron ရာထူးဖြေဆိုခွင့်နှင့် ပတ်သက်၍ကတော့ လက်ရှိမှာ ဒီပလိုမာရပြီးတော့ သုံးနှစ်နဲ့ သူနာပြုသိပ္ပံပုံမှန်ရရှိပြီး လုပ်သက်နှစ်နှစ်ရှိရင် Staff Nurse အပြာဖြေခွင့်ရှိပါတယ်။ Staff Nurse လုပ်သက်ခုနစ်နှစ်ပြည့်ရင် Sister ရာထူး၊ Sister ရှစ်နှစ်ပြည့်ရင် Matron စသည်ဖြင့်ဖြစ်ပါတယ်။ သို့သော် ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ နှစ်တွေများတာတော့ရှိပါ တယ်။ ကျွန်တော်ဆက်ပြီး Power Point နဲ့ ပြပါမယ်။ ကျွန်တော်တို့ ဘယ်လိုပြင်ဖို့ အစီအစဉ်ရှိလဲ ဆိုတာကို။ အဲဒီတော့ BNSc ကျောင်းဆင်းများအတွက် Trained Nurse ကနေပြီးတော့ Staff Nurse ပေါ့။ အနီကနေ အပြာဖြစ်ရန်ဖြေဆိုခွင့် ဒီပလိုမာနဲ့စာလို့ရှိရင် တစ်နှစ်ပဲလျော့ပြီး သတ်မှတ်ပေးတာ

ဖြစ်ပါတယ်။ လက်ရှိအနေနဲ့တော့ မှန်ပါတယ်။ ဒီအတွက် ပညာအရည်အချင်းနဲ့ ထိုက်သင့်တဲ့ ရာထူးဝန်ပေါက်နဲ့ခန့်ထားရန် ကျွန်တော်တို့ စီစဉ်ထားပါတယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်များ မြင်ရလားတော့ မသိပါဘူး။ ကျွန်တော် ဒီကပဲပြောပါမယ်။ သိပ်မမြင်နိုင်ဘူးထင်ပါတယ်။ နည်းနည်း သေးသွားပါတယ်။ နောက်ပိုင်း ကျွန်တော်ပုံနဲ့ပြရင်ရှင်းသွားမှာပါ။ ကုသရေး(Clinical)နဲ့ သင်ကြားရေး(Teaching) လိုင်းမှာဆိုပြီး သူနာပြုလိုင်းမှာ နှစ်လိုင်းခွဲထားပါတယ်။ Teaching လိုင်းမှာ Trained Nurse နှစ်နှစ်ပြည့်လျှင် Clinical Instructor ဖြစ်ပါတယ်။ လုပ်လို့ရပါတယ်။ Clinical Instructor သုံးနှစ်ပြည့်လျှင် Tutor ဖြေဆိုခွင့်ပေးပါတယ်။

စာတွေ့တတ်ပြီး လက်တွေ့မတတ်ဘူးဆိုတာနဲ့ပတ်သက်ပြီးတော့ Teaching လိုင်းသည် ပညာရည်မြင့်မားရေးနဲ့ လက်တွေ့ပိုင်းကျွမ်းကျင်မှုပါ လိုအပ်သဖြင့် လက်တွေ့လုပ်ငန်းခွင်မှာ Trained Nurse နှစ်နှစ်လုပ်သက်နှင့် သူနာပြုသိပ္ပံ BNSc ဘွဲ့ရပြီးမှသာလျှင် ဒုတိယနည်းပြ Clinical Instructor ကို ဖြေဆိုခွင့်ရှိပါတယ်။ သင်ကြားရေးတွင် လက်တွေ့အတွေ့အကြုံရှိသူများကိုသာ ခန့်ထားခြင်းဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ရေးနှင့်ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ လုပ်သက် သတ်မှတ်ချက် ဖွဲ့စည်းပုံခွင့်ပြု ခန့်ထား၊ လစ်လပ်မှုအခြေအနေ၊ ပညာအရည်အချင်းသတ်မှတ်ချက် များနှင့် ရာထူးတိုးမြှင့်ရေးကိစ္စများကို ကျွန်တော်တို့ဆောင်ရွက်ပါတယ်။ ပြည်ထောင်စုရာထူးဝန် အဖွဲ့က သတ်မှတ်ထားတဲ့စည်းကမ်းများအတိုင်း လုပ်ပါတယ်။ ဆရာဆရာမများ လက်တွေ့ကျွမ်းကျင် မှုရှိမှ ကျောင်းသားကျောင်းသူများ အရည်အသွေးတိုးတက်မှာဖြစ်လို့ စဉ်ဆက်မပြတ်လက်တွေ့ လေ့ကျင့်သင်ကြားခွင့်ပေးပါတယ်။ လက်တွေ့ Clinical ပိုင်းမှာ ဆေးရုံများမှာတာဝန်ထမ်းဆောင် နေသော သူနာပြုများသည် လက်တွေ့တတ်ရင် စာတွေ့မတတ်ဘူး။ စာဘက်ကိုအချိန်မပေးနိုင်ဘူး ဆိုတာနဲ့ပတ်သက်လို့ ဖြေရမယ်ဆိုရင် လက်တွေ့ Clinical ပိုင်းမှာလည်း Continuing Nursing Education ပြုလုပ်ဆွေးနွေးခြင်း၊ လူတိုင်း၏အခြေအနေပေါ်မူတည်၍ ပြုစုစောင့်ရှောက်နိုင်ရန် စာတွေ့လက်တွေ့များကို ဆက်လက်ဆည်းပူးလေ့လာရပါတယ်။ ယခင်တုန်းက Master of Nursing Science တက်ဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး၊ ဇီးပင်ကြီး)တက်ရောက်ပြီးမှ သတ်မှတ် ထားသော်လည်း ယခုအခါ ဖြေလျှော့ပြီးဖြစ်ပါတယ်။ ကုသရေးဦးစီးဌာနအနေနဲ့ သူနာပြုများရာထူးတိုး အတွက်ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး၊ ဇီးပင်ကြီး) သတ်မှတ်ချက်မရှိခဲ့ပါဘူး။ သူနာပြုများ၏ လစာစကေး ၁၆၅၀၀၀ ကစပြီး UD စကေးနဲ့အလုပ်ဝင်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး

ပြောတဲ့အတိုင်း အခြားသောကျန်းမာရေးမှူး၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ ဆေးဝါးကျွမ်းကျင်၊ တိုင်းရင်းဆေးများ၏ လစာနှုန်းများမှာ ၁၈၀၀၀၀ ဖြစ်နေပါတယ်။

ဒါကြောင့် BNSc ကျောင်းဆင်းများကို ဝင်ပေါက်ကို ကျွန်တော်တို့က ၁၈၀၀၀၀ ကို လုပ်ဖို့ စီစဉ်ထားပါတယ်။ BNSc (Bachelor of Science Nursing) ရတဲ့ဟာပေါ့။ သူနာပြုသားဖွားများရဲ့ ဝင်/ပြောင်းနဲ့ လစာနှုန်းများနဲ့ပတ်သက်ပြီးတော့ ဘွဲ့နဲ့ ဒီပလိုမာနဲ့ကိုက်ညီမှုမရှိတဲ့ တိုးမြှင့်ပေးရန်စီစဉ် ထားပါတယ်။ ဒီမှာကြည့်မယ်ဆိုရင် ပထမဦးဆုံးကျွန်တော်တို့ သားဖွားဆရာမက အခုလောလောဆယ် ၁၅၀၀၀၀ ကနေပြီးတော့ တိုးမြှင့်အဆိုပြုတဲ့ရာထူးကတော့ ၁၆၅၀၀၀ ကိုသွားပါမယ်။ သူနာပြု သားဖွားသုံးနှစ် ဒီပလိုမာရတာကတော့ ယခုအတိုင်းပဲ ၁၆၅၀၀၀ ကနေ ၁၆၅၀၀၀ ပါ။ သို့သော် သူနာပြုသိပ္ပံဘွဲ့ အောက်ဆုံးလိုင်းမှာရတဲ့သူနာပြုတွေကတော့ ၁၈၀၀၀၀ အထက်တန်းသူနာပြု သူတို့ စဝင်ပါတယ်။ Staff Nursing နဲ့ဝင်ပါတယ်။ ဆေးရုံများရှိ သူနာပြုများရာထူးတိုးရေးနဲ့ပတ်သက်၍ လက်ရှိရာထူးအခေါ်အဝေါ်နဲ့ လစာနှုန်းထားများကိုလည်း ပြောင်းလဲတိုးမြှင့်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်သက်သတ်မှတ်ချက်ကိုလည်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ ခုနက သိပ်မမြင်တဲ့ဟာကို ဒုတိယ Slide ကို ပြပေးပါ။ ဒီမှာကြည့်မယ်ဆိုရင် ညာဘက်ကိုပဲကြည့်ပါခင်ဗျား။ ညာဘက်က ကျွန်တော်တို့ လုပ်မယ့်ဟာပါ။ ပထမဆုံး အောက်ဆုံးမှာပြထားတာကတော့ သူနာပြု ၁၆၅၀၀၀ ကဘယ်သူကစဝင်တယ်ဆိုတာ အောက်ဆုံး Box  ကစဝင်မှာ။ သူနာပြု၊ သားဖွား၊ ဒီပလိုမာရသော သူများသည် ၁၆၅၀၀၀ ကနေဝင်ပါမယ်။ သို့သော် ဒုတိယ Box ဖြစ်တဲ့ ၁၈၀၀၀၀ Box မှာတော့ သူနာပြုသိပ္ပံဘွဲ့ကို မြှားလေးနဲ့ပါ။ အဲဒီရတဲ့လူက ၁၆၅၀၀၀ ကိုစဝင်ပါမယ်။ အဲဒီတော့ သူနာပြု ၁၆၅၀၀၀ ရတဲ့လူတွေက နှစ်နှစ်ဆိုလို့ရှိရင် အဲဒီဟာကို စာမေးပွဲဖြေပြီးတော့ အထက်တန်းသူနာပြု Staff Nurse လုပ်လို့ရပါတယ်။ Staff Nurse နဲ့စပြီးလို့ရှိရင်  ငါးနှစ်ကြာတဲ့အခါမှာ သူနာပြုအရာရှိ ၂၅၀၀၀၀(အရာရှိစကေး)ဖြစ်သွားပါပြီ။ အခု လောလောဆယ် Sister များသည် အရာရှိမဟုတ်ပါဘူး။ ကျွန်တော်တို့က အခု Propose လုပ်တဲ့နေရာ မှာ Sister များကို အရာရှိစကေး ၂၅၀၀၀၀ ဖြစ်သွား ပါပြီ။ Sister ဖြစ်ဖို့အတွက်က ဒီမှာ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်။ ခုနစ်နှစ်ကြာမှာ ဘွဲ့ရပြီးလို့ရှိရင်။ နှစ်ကတိုသွားပါတယ်။ ထို့အပြင် Sister ဖြစ်ပြီးတော့ Sister ကို ကျွန်တော်တို့က သူနာပြုအရာရှိလို့ ခေါ်ပါ့မယ်။ အမျိုးသားတွေလည်းရှိတဲ့အတွက် Sister လို့မခေါ်တော့ပါဘူး။ သူနာပြုအရာရှိကနေ ပြီးတော့ အဲဒီအချိန်မှာတော့ သူက BNSc ဘွဲ့ရ၊ Bachelor of Nursing Science ရပြီးတော့

သုံးနှစ်ကြာလို့ရှိရင် လက်ထောက်ညွှန်ကြားရေးမှူး သူနာပြုအဆင့် ၂၈၀၀၀၀ အဆင့်ကိုသွားမှာပါ။ ၂၈၀၀၀၀ အဆင့်မှာပြီးရင် သုံးနှစ်ကြာတဲ့အခါမှာ ဒုတိယညွှန်ကြားရေးမှူး(သူနာပြု) အဲဒီဟာကို ကျွန်တော်တို့ သွားဖို့လုပ်ပါမယ်။ ကျွန်တော်တို့ လုပ်လို့ရတဲ့ Authority အတွင်းမှာ လုပ်မယ်။ လုပ်လို့ မရတာကို ကျွန်တော်တို့ ဆက်လက်ပြီး တင်ပြမယ်။ လိုအပ်ရင် ပြည်ထောင်စုအဖွဲ့အစည်းအဝေးအထိ တင်ပြပြီး လုပ်မှာပါ။ ဒါကလည်း ဖြစ်နိုင်တယ်လို့ထင်ပါတယ်။

ဒီဥစ္စာကတော့ ကျေးလက်ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော သားဖွား ဆရာမများနှင့် အမျိုးသမီးကျန်းမာရေးဆရာမများ၏ လစာနှုန်းထားကိုလည်း တိုးမြှင့်ရန် လျာထားပါ တယ်။ ကျွန်တော်တို့ လောလောဆယ် သားဖွားဆရာမ Midwife က ၁၅၀၀၀၀ နဲ့ဝင်ပါတယ်။ သူ့ကို အခုနက ဒီပလိုမာရတဲ့လူလိုပဲ သားဖွားဆရာမ ၁၆၀၀၀၀ ပေးတယ်။ ဘာကြောင့်ပေးလဲဆိုတော့ သူက နှစ်နှစ်တက်ရပါတယ်။ သားဖွားဆရာမ ဒီပလိုမာရဖို့ နှစ်နှစ်တက်တယ်။ ဝင်တဲ့အခါမှာ ၁၆၅၀၀၀ နဲ့ဝင်မယ်။ ဝင်ပြီးရင် သုံးနှစ်အလုပ်လုပ်ပြီးရင် သူက LHP သင်တန်း ကိုးလတက်ပြီးရင် အမျိုးသမီး ကျန်းမာရေးဆရာမဖြစ်သွားပါမယ်။ ၁၈၀၀၀၀ ကိုရောက်သွားပါမယ်။ အဲဒီတော့ ဆိုလိုတာကတော့ လောလောဆယ် သားဖွားဆရာမများရဲ့ လစာက ၁၅၀၀၀၀ ကနေပြီးတော့ ၁၆၅၀၀၀ အဆင့်ကို ဖြစ်ပါမယ်။ အမျိုးသမီးကျန်းမာရေးဆရာမဖြစ်တဲ့ LHP က ၁၆၅၀၀၀ ကနေ ၁၈၀၀၀၀ အဆင့်ကို ရောက်သွားပါမယ်။ အဲဒီတော့ သားဖွားသင်တန်းက ယခင်တုန်းက ဘက်စုံ ၁၈ လ လက်မှတ်သင်တန်း ဖြစ်သော်လည်း ယခုအခါကတော့ သားဖွားကို ဒီပလိုမာကိုပေးပါတယ်။ ဒီပလိုမာပေးတဲ့အတွက် သူနဲ့လိုက်ဖက်ညီအောင် ကျွန်တော်တို့က သူ့တို့ကို တင်ပေးလိုက်ပါတယ်။

သူနာပြုများရဲ့အဆင့်ကိုသတ်မှတ်ရာတွင်လည်း လက်ရှိသူနာပြုအဆင့်များကို ဘယ်ဘက်မှာ ပြတဲ့ နံပါတ်တွေနဲ့ ရေးထားတာတော်တော်ရှုပ်ပါတယ်။ ရှုပ်တယ်ဆိုတာက သူနာပြုမဟုတ်ဘဲနဲ့ သူနာပြု(၅)ဆိုပြီးတော့ ဆေးထည့်ကို သူနာပြု(၅)လို့ ခေါ်လိုက်ပါတယ်။ သားဖွားအကူသူနာပြုကို သူနာပြု(၄)လို့ ခေါ်လိုက်ပါတယ်။ သူနာပြုမဟုတ်ဘဲနဲ့ ခေါ်တဲ့အတွက် ပြဿနာတွေနည်းနည်း ရှိပါတယ်။ သူနာပြု(၃)၊ သူနာပြု(၂)၊ သူနာပြု(၁)ကို ဒီအဆိုတွေကို အကုန်လုံးပြောင်းပါမယ်။ ဒါကတော့ ကျွန်တော် အချိန်ကိုငဲ့ညှာသောအားဖြင့် မပြောတော့ပါဘူး။ ဒီမှာအကုန်ရှင်းနေပါတယ်။ ရာထူးအခေါ်အဝေါ်ကိုပြောင်းဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင်စွန့်ခွာထွက်ပြေးသွား ခြင်း (Abscond) ဖြစ်ရတဲ့အကြောင်းနဲ့ပတ်သက်ပြီးတော့ အခြေခံလစာနည်းပါးခြင်း၊ ရာထူးတိုး နည်းပါးခြင်း အကြောင်းအရင်းတစ်ရပ်အနေနဲ့ မှန်ကန်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သူနာပြု

သားဖွားများရဲ့ ပညာရေးလောက၊ လုပ်ငန်းခွင်ပျော်ရွှင်မှု၊ ဘဝတက်လမ်းအတွက်ကို ကျွန်တော့်အနေနဲ့ ဒီဇင်ဘာလ ၂၁၊ ၂၂ ရက်နေ့က တကယ့် Nursing Seminar ကြီး အကြီးကြီးလုပ်ပါတယ်။ အဲဒီမှာ တိုင်းဒေသကြီး/ပြည်နယ်များမှာ သူနာပြု၊ သားဖွားကိုယ်စားလှယ်များ၊ တက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ သူနာပြုဆရာမများ၊ မြန်မာနိုင်ငံသားဖွားသူနာပြုအသင်းနှင့် ကောင်စီမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးပိုင်းအရာရှိများပါဝင်တဲ့ နှီးနှောဖလှယ်ပွဲကြီးလုပ်ပါတယ်။ ဒီနှီးနှောပွဲမှာ Recommendation တွေအများကြီးထွက်ပါတယ်။ အဲဒီ Recommendation ကို ဘယ်လို Implement လုပ်မယ်။ ကျွန်တော်ကိုယ်တိုင် အစည်းအဝေးနှစ်ခါထိုင်ပြီးတော့ အချက်တွေအကုန်လုံး လုပ်ထားပါတယ်။ ကျွန်တော်တို့ လုပ်မယ့်အချက်တွေက အများကြီးရှိပါတယ်။ အဲဒီအချက်တွေ အားလုံးကိုလုပ်လည်း လုပ်နေပါတယ်။ အဲဒီ Seminar ထွက်တဲ့အချက်တွေ။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတချို့တင်ပြတဲ့အထဲမှာ အဲဒီအချက်တွေ အများကြီးပါပါတယ်။ ဒီမှာတော့ အဲဒါတွေ မဖြေပါဘူး။ အကုန်လုံး ကျွန်တော်တို့ လုပ်နေပါတယ်။

လက်ရှိအခြေအနေအရ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် မေးခွန်းဖြစ်တဲ့ သူနာပြုအင်အားနည်းပါးနေတယ်ဆိုတာ မှန်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ ခုတင်(၂၀၀၀)ဖြစ်တဲ့အတွက် သူနာပြုအင်အား ၂၀၀၀ ခန့်လိုမှာဖြစ်ပါတယ်။ နှစ်စဉ်စီမံချက်ဖြင့် သူနာပြုတိုးမြှင့်မွေးထုတ်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းခွင်မှာ သူနာပြုများစွဲမြဲ၍ ကောင်းမွန်သောလုပ်ငန်းခွင်ဖြစ်စေရေးကိုလည်း ကျွန်တော်တို့အမြန်ဆုံး ကျွန်တော်တို့ လုပ်နေပါတယ်။ အတတ်နိုင်ဆုံးလုပ်နေပါတယ်။ Work Local များတာနှင့်ပတ်သက်ပြီး သူနာပြုစုခြင်းနှင့်မပတ်သက်သည့် အလုပ်ကိစ္စများတွင် လုပ်နေရခြင်းဟာ မှန်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဆေးရုံများဖွဲ့စည်းပုံမှာ ဆေးစတိုနှင့် ဆေးဝါးထုတ်သည့်ဌာနများ သီးခြားဖွဲ့စည်းပြီး ဆေးဝါးသိပ္ပံဘွဲ့ရများခန့်ထားဖို့ ဖွဲ့စည်းပုံကို ပြင်ဆင်လျက်ရှိပါတယ်။ သန့်ရှင်းရေးနှင့်ပတ်သက်ပြီး ဆေးရုံဖွဲ့စည်းပုံမှာ မပါသော်လည်း သန့်ရှင်းရေးဝန်ထမ်းများရရှိရန် ခက်ခဲသဖြင့် ကန်ထရိုက်စနစ်ဖြင့် လုပ်ဖို့စီစဉ်ထားပါတယ်။ ဒီအများပြည်သူများ ရုံးပိတ်ရက်၊ သင်္ကြန်ပိတ်ရက်၊ စနေ၊ တနင်္ဂနွေပိတ်ရက်မှာ လုပ်ငန်းသဘာဝအရ ၂၄ နာရီတာဝန်ထမ်းဆောင်ရသောဝန်ထမ်းအမျိုးအစားဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် ဂုဏ်ယူအားထားရသောဝန်ထမ်းများလည်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥပဒေပုဒ်မ ၃၇၊ ၄၁ တို့အရ သူနာပြုဝတ်စုံကို နိုင်ငံတော်က အသိအမှတ်မပြုထားသူများ ဝတ်ခွင့်မရှိပါဘူး။

ပုဂ္ဂလိကဆေးရုံအချို့မှာ လေးလသင်တန်းဆင်းတွေကို သူနာပြုဝတ်စုံဝတ်ပြီး ခန့်ထားတာနှင့် ပတ်သက်ပြီးတော့ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေပုဒ်မ ၃၇ အရ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူမဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့်အဆင့် အလိုက်သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသော သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု၊ သားဖွား၏ဝတ်စုံနှင့် အဆောင်အယောင်များကို မရိုးဖြောင့်သောသဘောဖြင့် ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း၊ သို့မဟုတ် တပ်ဆင်ခြင်းမပြုရလည်းကောင်း၊ ပုဒ်မ ၄၁ အရ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်လျှင် အနည်းဆုံးထောင်ဒဏ်သုံးလမှ အများဆုံးသုံးလ ပြစ်ဒဏ်ငါးသောင်းမှ ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေချမှတ်ရမယ်လို့ပါရှိတဲ့အတွက် ကုသရေးဦးစီး ဌာနနှင့်၊ ပုဂ္ဂလိကကျန်းမာရေးဦးစီးဌာန သူနာပြုဌာနခွဲနှင့် မြန်မာနိုင်ငံသားဖွားနှင့် သူနာပြုကောင်စီ တို့ကပူးပေါင်းပြီး ဒီကိစ္စကို ကျွန်တော်တို့ စိစစ်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး များကလည်း ဒီဟာကို အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးမယ်ဆိုရင် ကောင်းပါတယ်။ လက်ရှိ သူနာပြု အခေါ်အဝေါ်ကို အမှန်အခေါ်ဝေါ်ဖြစ်တဲ့ အကူသူနာပြုလို့ခေါ်ရမှာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ဝတ်စုံကိုလည်း မူလအင်္ကျီအဖြူ၊ လုံချည်နီညိုကနေပြီးတော့ မီးခိုးရောင်အဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ထားဖို့အတွက်ကို မြန်မာနိုင်ငံသားဖွားနှင့် သူနာပြုကောင်စီရယ်၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့ကလည်း သဘောတူညီမှုရရှိပါတယ်။

ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့ Promotion ဖြေဆိုခွင့်တွင် လုပ်သက်ကို မကြာခဏပြောင်းလဲခြင်း၊ ဖောင်ကြီးမတက်လျှင် ဖြေဆိုခွင့်မရဆိုတဲ့ကန့်သတ်ချက် စသည်ဖြင့် ပတ်သက်ပြီး ဖြေရမယ်ဆိုလို့ရှိရင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းပုံခွင့်ပြု၊ ခန့်ထား၊ လစ်လပ် အရသာ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ အထက်လူရဲ့ထောက်ခံချက်ကိုပဲယူပြီး အထက်ဖား အောက်ဖိ လုပ်တာတွေ၊ အဂတိလိုက်စားမှုတွေဟာ တစ်ဦးချင်းစီနဲ့ပဲ သက်ဆိုင်ပါတယ်။ အထောက် အထားဖြင့် အဂတိလိုက်စားမှုကို တွေ့ပါက ကျွန်တော်တို့ လိုအပ်သောစုံစမ်းမှုများကိုပြုလုပ်၍ အရေးယူလျက်ရှိပါတယ်။ နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း သူနာပြုစားစရိတ်နှင့် ဝတ်စုံစရိတ်ကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၂ ရက်နေ့ကတော့ Cabinet အစည်းအဝေးမှာတော့ ဆွေးနွေးပြီးပါပြီ။ ကျွန်တော်ထင်တာကတော့ မကြာခင်ထွက်ပေါ်လာမှာပါ။ ထွက်လာရင် သားဖွား ကနေပြီးတော့ Matron အထိကို တစ်လကို ၂၀၀၀၀ စားစရိတ်ရမယ်။ ဝတ်စုံစရိတ်က တစ်နှစ်ကို ၂၀၀၀၀ ရပါမယ်။ Sister၊ Midwife၊ Trained Nurse အကုန်လုံးပါပါတယ်။ ကျွန်တော့်အနေနဲ့

မကြာခင် ထွက်လာပါတော့မယ်ခင်ဗျား။ Night Duty ဆိုရင်လည်း အရင်တုန်းကတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း Mess ကနေ ညစာပြင်ဆင်ပေးခြင်း၊ ရောဂါမဖြစ်စေရန် ဝတ်စုံများ ကို Laundry ပေးခြင်း၊ Bed Sheet အသစ်လဲလှယ်ပေးခြင်းများကို ယခင်က ဆောင်ရွက်ပေးနိုင် သော်လည်း ယခုလက်ရှိမှာတော့ ကျွန်တော်တို့ကဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ပြောလိုပါတယ်။

နောက်ဝန်ထမ်းမလုံလောက်မှု၊ အချို့ဆရာဝန်များ၊ လူနာစောင့်များ၊ သူနာပြုအချင်းချင်း အနိုင်ကျင့်မှု၊ နိမ့်ချမှု ဆက်ဆံမှုနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ထမ်းများ၏လုပ်ငန်းခွင် လုံခြုံရေး၊ ဥပဒေပေါ်ထွက်လာရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ကျွန်တော့်အနေနဲ့ ၁၁-၆-၂၀၁၇ ရက်နေ့မှာ ရန်ကုန်ဆေးရုံကြီး Training Center မှာ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံ သားဖွားနှင့်သူနာပြုကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ သွားနဲ့ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးအသင်း၊ သူနာပြုနှင့်သားဖွားကိုယ်စားလှယ် များအားလုံးကို ဖိတ်ကြားပြီး ကျွန်တော်ကိုယ်တိုင် Chair လုပ်ပြီးတော့ ကျွန်တော်တို့ဝန်ထမ်းတွေ ဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဒီမှာတင်ပြချင်တာကတော့ သူနာပြုနှင့်သားဖွားက ကျွန်တော့်ရဲ့ Priority သုံးခုထဲမှ တစ်ခုဖြစ်ပါတယ်။ အများကြီးလည်းလုပ်နေပါတယ်။ ဘာတွေလုပ်နေတာလဲကို သိစေချင်လို့ရှိရင် သူနာပြုနှင့်သားဖွားနှစ်ပတ်လည်အစည်းအဝေးမှာရှိတဲ့ မိန့်ခွန်းလည်းရှိပါတယ်။ ဟိုတလောက ပြဿနာဖြစ်တုန်းက ၁၀၀၀ လောက်ကိုခေါ်ပြောတာရှိတယ်။ ကျွန်တော်တို့ ဘာတွေ လုပ်နေလဲ အကုန်လုံးပါပါတယ်။ အဲဒီတော့ ကျွန်တော်က ဒီဟာတင်မကပါဘူး။ ကျန်တဲ့ကျွမ်းကျင် ဝန်ထမ်းတွေအကုန် ကြည့်နေပါတယ်။ ဒီသူနာပြုနဲ့သားဖွားတစ်ခုတည်းမဟုတ်ပါဘူး။ လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ အားလုံးက ဝန်ထမ်းတွေပါ။ ကျွမ်းကျင်ဝန်ထမ်းဖြစ်တဲ့ ဓာတ်ခွဲ၊ ဓာတ်မှန် အစရှိသဖြင့် ဆရာဝန်တွေ အကုန်လုံးကို ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့အတွင်းက ဘယ်လိုလုပ်ရ မလဲဆိုတာကို ကျွန်တော် လုပ်နေပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကိုတော့ မှတ်တမ်းတင်ပြီး စောင့်ကြည့်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ လည်း တော်တော်လုပ်နေတဲ့အတွက် ကျွန်တော်အဲ့ဒါကို တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူး အများကြီးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မရဲ့အဆိုကို ထောက်ခံဆွေးနွေးပေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။ ကျွန်မဒီအဆိုကို တင်တဲ့နေရာမှာ သူနာပြုတစ်ခုတည်းကိုပဲ ဦးစားပေးပြီးတော့ သူနာပြုတစ်ခုတည်းကို Highlight လုပ်ပြီးတင်တယ်လို့ ယူဆကြပါလိမ့်မယ်။ ဒါပေမဲ့လို့ အခြားသော အခုနက ဆရာကြီးပြောသွားသလိုပဲ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆရာဝန်အစရှိသဖြင့် ကျန်းမာရေးဝန်ထမ်းလောကမှာ အမျိုးမျိုးအစားစား ဝန်ထမ်းတွေရှိပါတယ်။ ဒါပေမဲ့လို့ တကယ်ကို shortage ဖြစ်နေတာက သူနာပြုပဲ ဖြစ်ပါတယ်။ သူနာပြုမှာမှ အလုပ်မဝင်တဲ့ရာခိုင်နှုန်းဟာ အင်မတန်များတယ်လို့ သိရပါတယ်။ ဒီပလိုမာဆိုလို့ရှိရင် ၆၀ ရာခိုင်နှုန်းပဲ အလုပ်ဝင်ပါတယ်။ BNSc ဆိုလို့ရှိရင် ၃၀ ရာခိုင်နှုန်းပဲ အလုပ်ဝင်တယ်လို့ သိရပါတယ်။ နောက်ပြီးတော့ အလုပ်ထွက်တဲ့ရာခိုင်နှုန်းလည်း အများဆုံးဝန်ထမ်းဖြစ်ပါတယ်။ Clinical မှာဆိုလို့ရှိရင် ကျွန်မတို့စုံစမ်းသိရှိရလောက် ၃၀ ရာခိုင်နှုန်းအလုပ်ထွက်နေတယ်လို့ သိရပါတယ်။ အဲ့ဒါကြောင့် ဘယ်ဝန်ထမ်းနဲ့မှ ယှဉ်လို့မရလို့ ဒါတစ်ခုတည်းကို Highlight လုပ်ပြီးတော့ သေချာတင်ခဲ့တာ ဖြစ်ပါတယ်။ နောက် လွှတ်တော်မှာဒီအဆိုကို မတင်ဘဲနဲ့ ညှိနှိုင်းဆွေးနွေးသင့်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသွားပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ပြောပြချင်တာက တစ်တိုင်းပြည်လုံးက လူနာတွေ၊ လူနာစောင့်တွေ၊ ပြည်သူလူထုတွေ၊ တခြားသောဝန်ထမ်းအဖွဲ့ အစည်းတွေအားလုံးအနေနဲ့ ဘယ်လောက်ထိ ဒီသူနာပြုလောကမှာ ဝန်ထမ်းလိုအပ်ချက်ရှိနေသလဲဆိုတာကို နံပါတ်(၁)အနေနဲ့ သိစေချင်လို့ဖြစ်ပါတယ်။

နောက်တစ်ချက်က ဘယ်လောက်ထိ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးနေသလဲ နိုင်ငံခြားကိုထွက်ပြီးတော့နိုင်ငံတော်ကပညာသင်ပေးလိုက်ပြီးတော့ နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်ကြတယ်။ ဒါမှမဟုတ်လည်း ဒီအလုပ်ကို အသက်မွေးဝမ်းကျောင်းအဖြစ် မလုပ်တော့ဘဲနဲ့ အခြားအလုပ်တွေနဲ့ အသက်မွေးကြတယ်။ ဒါကြောင့်မို့လို့ ဒီလူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးနေတာကိုလည်း တင်ပြလိုလို့ ဒီအဆိုကို တင်ခဲ့တာဖြစ်ပါတယ်။ နောက်အချက်ကတော့ သူနာပြုတို့အနေနဲ့ မိမိတို့ရဲ့အလုပ်၊ မိမိတို့ရဲ့တာဝန်ကို တန်ဖိုးထားဂုဏ်ယူကြစေချင်တဲ့အတွက် တင်ခဲ့တာဖြစ်ပါတယ်။

နောက်(၄)အချက်ကတော့ အခုနက ပြောသလိုပဲ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်မတို့အနေနဲ့ အင်မတန်ကို လေးစားချစ်ခင်ရတဲ့ဝန်ကြီးဖြစ်ပါတယ်။ အင်မတန်ကို ဝန်ကြီးအတွက် ကျွန်မတို့

လုပ်ဆောင်မှုတွေနဲ့ပတ်သက်ရင် အမြဲတမ်းဂုဏ်ယူရပါတယ်။ ဒီလိုမျိုး Promotion တွေပေးတာ၊ မပေးတာ။ အဲ့ဒါမျိုးတွေထက် အခြားနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့နည်းတွေလည်း ရှိပါတယ်။ လုပ်သက်နဲ့အရည်အချင်းအရ လစာကို အနည်းငယ်စီခွဲပြီး ပေးတာမျိုး။ Facility ကိုပေးတာမျိုး။ ခုနကပြောတဲ့ နေစရာဆိုလို့ရှိရင် မြို့ကြီးပြကြီးက သူနာပြုတွေမှာအင်မတန်နေစရာ အခက်အခဲရှိပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ယောက်ပြောသွားသလိုပဲ အမျိုးသားတွေ ၁၀ ယောက်တစ်ခန်း၊ အိမ်သာတစ်လုံးအတူတူသုံးရပါတယ်။ အမျိုးသမီးတွေ အယောက် ၂၀ ကိုတစ်ခန်းထားပါတယ်။ အိမ်ထောင်သည်တွေကို အဆောင်မပေးပါဘူး။ အဲဒီဟာဆိုလို့ရှိရင် တကယ့်ကိုလက်တွေ့မှာ အင်မတန်အခက်အခဲရှိပါတယ်။ Night Duty ဆင်းပြီးရင် ကျကျနန ပြည့်ပြည့်ဝဝ အနားယူချင်သူတွေကို ဟောခန်းမှာနေရာတာဟာ ဘယ်လိုမှအဆင်မပြေပါဘူး။ နောက်တစ်ခုကကျတော့ အလုပ်မဝင်တဲ့သူကများတော့ အလုပ်ဝင်တဲ့လူတွေမှာ တာဝန်တွေပိုဖိစီးနေတာ အခုနကပဲ ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီး နှစ်ယောက်မှာ တစ်ဦးက သူ့နယ်မှာဆိုလို့ရှိရင် ၁၄ ယောက်လျာထားတာ သုံးယောက်ပဲရှိတယ်။ နောက်တစ်ဦးက ဟုမ္မလင်းမှာ ၅၀ ယောက်လျာထားတာ ခြောက်ယောက်ပဲရှိတယ်။ ဘယ်လောက်ထိ သူနာပြုလိုအပ်ချက်ရှိနေသလဲဆိုတာကို သိစေချင်တာဖြစ်ပါတယ်။ နောက် ဝန်ထမ်းအင်အားက သူနာပြုမှာမလုံလောက်ဘူး။ ပြည်သူကလည်း မကျန်းမာတဲ့အခါမှာ ဒီဝန်ထမ်းရဲ့စောင့်ရှောက်မှုကို အပြည့်အဝလိုချင်တယ်။ အဲဒီအခါမှာ အကြီးအကျယ်ပြဿနာတက်ပါတယ်။ စွပ်စွဲပစ်တင်မှုတွေ ရင်ဆိုင်ရတယ်။ ရန်ရှာမှုတွေ ရင်ဆိုင်ရတယ်။ အဲဒီလိုမျိုးတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှိနေတဲ့လူကို ခုနက ဆရာတစ်ယောက်ပြောသွားသလိုပဲ ရှိနေတဲ့လူကို တန်ဖိုးထားပြီး ကူညီစေချင်ပါတယ်။ ရွှေလိုရှားလို့ ရွှေလိုတန်ဖိုးထားရမယ်လို့ တင်စားပြီးပြောသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလိုပဲ ရွှေလိုတန်ဖိုးမထားပေမဲ့ ရှိတဲ့လူကိုတော့ တန်ဖိုးထားစေချင်ပါတယ်။ နိုင်ငံကရော၊ ပြည်သူကရော၊ လုပ်ဖော်ကိုင် ဖက်အချင်းချင်းကရော တန်ဖိုးထားပြီး ကူညီစေချင်ပါတယ်။

နောက်တစ်ခါ သူနာပြုကို သူနာပြုအုပ်ချုပ်ပြီးတော့ သူနာပြုအကြီးအကဲများဟာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေချင်တာ ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်မှုအပိုင်းသာမက ရာထူးတိုးတာတွေ၊ ပညာသင်ယူဖို့အခွင့်အရေးတွေမှာ တရားမျှတတယ်။ မှန်ကန်တဲ့ စီမံခန့်ခွဲမှုတွေ၊ သူနာပြုအကြီးအကဲတွေမှာ ရှိစေချင်တာဖြစ်ပါတယ်။ နောက် ဒီအဆိုဟာ သူနာပြုတွေရဲ့အကျိုးစီးပွားအတွက်ပြောပေးတာ မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့အကျိုး၊ ပြည်သူလူထုရဲ့ကျန်းမာရေး၊ နိုင်ငံတော်ရဲ့အကျိုးအတွက် ဒီအဆိုကို

တင်ခဲ့တာဖြစ်ပါတယ်။ နောက် Professional တိုင်းမှာ Professional Ethic အရ Mutual Respect ရှိရပါတယ်။ အချင်းချင်းအပြန်အလှန်လေးစားရပါတယ်။ နောက်ပြီးတော့ ခုနက ဆွေးနွေးသွားကြသလိုပဲ Teamwork နဲ့အလုပ်လုပ်ရပါတယ်။ လူနာကိုဗဟိုပြုရပါတယ်။ ပညာရေးမှာ ကျောင်းသူကျောင်းသားကိုဗဟိုပြုရသလို၊ လွှတ်တော်ကိုယ်စားလှယ်တွေ ပြည်သူကိုဗဟိုပြုရသလို၊ ဒီသူနာပြု၊ ဆရာဝန်၊ ဆေးဝါးကျွမ်းကျင်အစရှိတဲ့ ဝန်ထမ်းအားလုံးဟာ လူနာကိုဗဟိုပြုရပါတယ်။ Teamwork နဲ့အလုပ်လုပ်ရပါတယ်။ အချင်းချင်းနှိမ့်ချဆက်ဆံမှုမပြုရပါဘူး။ နောက်ပြီးတော့သူတို့ကို ကျွမ်းကျင်ပညာရှင် Professional တစ်ခုအဖြစ် အသိအမှတ်ပြုဖို့လည်း အထူးလိုအပ်ပါတယ်။ အဲ့ဒါလေးကိုလည်း ထည့်သွင်းပြီးတော့ ဆွေးနွေးချင်ပါတယ်။ ကျွန်မအနေနဲ့ ပြည်ထောင်စုဝန်ကြီးကို လေးစားသောအားဖြင့် ကျွန်မရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ဖို့အတွက် သဘောတူကြောင်းကို လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားက မှတ်တမ်းတင်စောင့်ကြည့်ဖို့လား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးက ဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ (၂၀.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးနေထက်ဝင်း
(ဆင်ပေါင်ဝဲ မဲဆန္ဒနယ်)



ဦးထွန်းထွန်းဝင်း
(ရမည်းသင်း မဲဆန္ဒနယ်)



ဒေါက်တာဒေါ်ပြုံး
(အင်းတော် မဲဆန္ဒနယ်)



ဦးဦးထွန်းမောင်
(ပုဏ္ဏားကျွန်း မဲဆန္ဒနယ်)



ဦးထွန်းထွန်း
(ပွင့်ဖြူ မဲဆန္ဒနယ်)



ဒေါက်တာမြင့်ထွေး
ကျန်းမာရေးနှင့်အားကစား
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်